*J. Myanmar. Acad. Arts Sci. 2018* **Vol. XVI. No. 6A**

# ခင်ခင်ထူး၏ လှည်းယဉ်ကြော့ဝတ္ထုတိုများမှ ဘဝသရုပ်ဖော် ဝတ္ထုတိုများလေ့လာချက်

ပပဝင်း*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် ခင်ခင်ထူး၏ လှည်းယဉ်ကြော့ဝတ္ထုတိုများမှ ဘဝသရုပ်ဖော်ဝတ္ထုတိုများကို လေ့လာတင်ပြထားသော စာတမ်းတစ်စောင် ဖြစ်ပါသည်။ ခင်ခင်ထူး၏လှည်းယဉ်ကြော့ဝတ္ထုတိုများထဲမှ ဝတ္ထု(၃)ပုဒ် ကို ရွေးချယ်၍ ဝတ္ထုတိုသဘောတရားများနှင့် ချိန်ထိုးကာ လေ့လာ တင်ပြသွားပါမည်။ စာရေးသူ၏ ဝတ္ထုတိုများသည် မိမိကြုံတွေ့ရသော အဖြစ်အပျက်များကို ခံစားမှုနှင့် ပေါင်းစပ်ကာ ဘဝသရုပ်ကို ပီပီ ပြင်ပြင် ဖော်ပြထားသည်။ ထို့ကြောင့် ခင်ခင်ထူး၏ ဝတ္ထုတိုများသည် စာဖတ်သူများကို ရသခံစားမှုမှတစ်ဆင့် ဘဝအသိအမြင်ကို ပေးစွမ်းနိုင် သည်ဟု ထင်မြင်ယူဆမိပါသည်။

**သော့ချက်ဝေါဟာရများ** – ဝတ္ထုတို၊ ဘဝသရုပ်ဖော်၊ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံဝန်းကျင်။

## နိဒါန်း

ဤစာတမ်းသည် ခင်ခင်ထူး၏ လှည်းယဉ်ကြော့ ဝတ္ထုတိုများမှ ဝတ္ထုတို (၃)ပုဒ်ကို လေ့လာတင်ပြထားခြင်းဖြစ်ပါသည်။ စာရေးသူသည် ၁၉၉၃–ခုနှစ်မှ စ၍ ဝတ္ထုတိုများကို ရေးသားခဲ့ရာ၊ အပုဒ် ၁၀၀ ကျော် ရှိခဲ့ပါသည်။ လှည်းယဉ်ကြော့ ဝတ္ထုတိုများသည် ခင်ခင်ထူး၏ ဆဋ္ဌမမြောက် ဝတ္ထုတိုပေါင်းချုပ် ဖြစ်ပါသည်။ ခင်ခင်ထူး၏ လှည်းယဉ်ကြော့ဝတ္ထုတိုများကို လေ့လာကြည့်သောအခါ အညာ ကျေးလက် လူနေမှုဘဝ၊ အခြေအနေ၊ ဘဝသရုပ်တို့ကို အသေးစိတ် သရုပ်ဖော် ရေးဖွဲ့ ထားသည်ကို လေ့လာတွေ့ရှိရပါသည်။ စာရေးသူသည် သူ၏အတွေး၊ စိတ်ကူးဉာဏ် ဆန်းသစ်မှုများကိုအခြေခံပြီး လူ့သဘာဝနှင့် ခေတ်အခြေအနေများကိုပေါင်းစပ်ကာ ရည်ရွယ်ချက် အကြောင်းအရာတစ်ခုကို ပေါ်လွင်အောင် တင်ပြထားသည်။ ထို့ကြောင့် ခင်ခင်ထူး၏ ဝတ္ထုတိုများသည် လူမှုပတ်ဝန်းကျင်တွင် ဖြစ်ပျက်နေသော လူနေမှုဘဝ အဖုံဖုံကို ဒိဋ္ဌဓမ္မ လူ့လောကနှင့် နီးစပ်အောင် စာရေးသူ၏ ဝတ္ထုတိုဖန်တီးမှု အတတ်

* ကထိက၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

ပညာနှင့် ပေါင်းစပ်ကာ၊ ဖန်တီးထား၍ စာဖတ်သူများကိုလည်း နှစ်သက်မှုရသနှင့် ဘဝအသိပေးသော ဝတ္ထုတိုများ ဖြစ်ပါသည်။

## ၁။ စာရေးသူ၏အတ္ထုပ္ပတ္တိအကျဉ်း

ခင်ခင်ထူးကို မန္တလေးတိုင်း မြင်းခြံမြို့နယ်ဥဒယကျေးရွာတွင် ၁၉၆၅ ခုနှစ်၊ ဒီဇင်ဘာလ (၁၇)ရက်နေ့၌ အဖ ဦးညို၊ အမိ ဒေါ်မြတင်တို့မှ ဖွားမြင်ခဲ့သည်။ မွေးခြင်းခြောက်ယောက် ရှိသည့်အနက် တတိယမြောက်နှင့် တစ်ဦးတည်းသော မိန်းကလေးဖြစ်သည်။ အမည်ရင်းမှာ ဒေါ်ထူးထူးဖြစ်သည်။ ခင်ခင်ထူးဟူသောအမည်ကို စာရေးသူ၏အဘိုးက ပေးခဲ့ခြင်းဖြစ်သည်။ အမည်ရင်းထူးကို ထီးဆန်နန်းဆန်ဖြစ်အောင် ခင်ခင်ဟူသောအမည်နှင့် တွဲစပ်ကာ ခင်ခင်ထူးဟု ပေးခဲ့ခြင်းဖြစ်သည်။ စာရေးသားသောအခါတွင် အဖိုးပေးခဲ့သော အမည်ဖြစ်သည့် 'ခင်ခင်ထူး' ကိုသာ ကလောင်အမည်အဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ဆရာမခင်ခင်ထူးသည် ငယ်စဉ်က မိဘနှစ်ပါး၏ ဇာတိရပ်ရွာဖြစ်သော မြင်းခြံခရိုင် မြောက်ဘက်အရပ်တွင်နေထိုင်ကြီးပြင်းခဲ့သည်။ အခြေခံမူလတန်းပညာကို ဥဒယကျေးရွာရှိ အလင်းရောင်မူလတန်းကျောင်းတွင်လည်းကောင်း၊ အလယ်တန်းပညာကို အ.လ.က(၁) မြင်းခြံမြို့တွင်လည်းကောင်း သင်ယူခဲ့သည်။ ခုနှစ်တန်းဖြေဆိုပြီး မန္တလေးသို့ ပြောင်းရွှေ့နေထိုင်ခဲ့ရာ ရှစ်တန်းမှဆယ်တန်းအထိ အ.ထ.က (၂၄)တွင် တက်ရောက် သင်ယူခဲ့သည်။ (၁၉၇၉) ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းကို အောင်မြင်ခဲ့သည်။ ၁၉၈၀–၈၁ ခုနှစ်တွင် မန္တလေးဒေသကောလိပ်၌ ဓာတုဗေဒအဓိကဖြင့် ပညာသင်နှစ် ၂ နှစ်တက် ရောက်ခဲ့သည်။ တတိယနှစ်နှင့် စတုတ္ထနှစ်ကို မန္တလေးတက္ကသိုလ်တွင် ဆက်လက် သင်ယူခဲ့သည်။ (၁၉၈၅)ခုနှစ်တွင် မန္တလေးတက္ကသိုလ်မှ B.Sc (Chem) ဘွဲ့ကိုရရှိခဲ့ပြီး (၁၉၈၇)ခုနှစ်တွင် အထက်တန်းရေ့နေ (H.G.P)ဘွဲ့ကို ရရှိခဲ့ပါသည်။ ခင်ခင်ထူးသည် ငယ်စဉ်အချိန်မှ စ၍၊ ဝါသနာအလျောက်၊ စာအုပ်အမြောက်အများ ဖတ်ရှုခဲ့သည်။ ၁၉၉၃ ခုနှစ် ဧပြီလထုတ်၊ ရွှေဝတ်မှုန်မဂ္ဂဇင်းတွင်ပါသော "ပန်းပန်ပါရစေ" ဝတ္ထုတိုဖြင့် စာပေလောကသို့ စတင်ရောက်ရှိခဲ့သည်။ ဆရာမခင်ခင်ထူးသည် ဝတ္ထုတို၊ ဝတ္ထုလတ်၊ ဝတ္ထုရှည်၊ ရသစာတမ်း၊ ဆောင်းပါး တို့ကိုရေးသားခဲ့ပြီး "ဖက်စိမ်းကွမ်းတောင်" ရွှေဝတ္ထုများစာအုပ်ဖြင့် ၂၀၀၃ ခုနှစ်၊ အမျိုးသား စာပေဆုကို ရရှိခဲ့ပါသည်။ ခင်ခင်ထူးသည် (၂၀၀၁)ခုနှစ်တွင် အလယ်တန်းဆရာမတာဝန်မှ အနားယူခဲ့သည်။ ထိုနှစ်တွင် စာရေးဆရာနေဝင်းမြင့်နှင့် လက်ထပ်ခဲ့သည်။ ယခုအခါ စ–၁/၈၄၊ မြို့သစ် (၂)၊ ၆၇× ၆၈ လမ်းကြား၊ ချမ်းမြ သာစည်မြို့နယ်၊ မန္တလေးမြို့တွင် ခင်ပွန်း နေဝင်းမြင့်နှင့် သမီး ဖွေးဖွေးတို့နှင့်အတူ နေထိုင်လျက်ရှိပြီး ဇနီးမောင်နှံ စာရေးခြင်းသက်သက်ဖြင့် ဘဝရပ်တည်လျက် ရှိသည်။

## ၂။ ဝတ္ထုတိုသဘောတရား

စာရေးသူတို့သည် မိမိနှစ်သက်ရာ စာပေပုံသဏ္ဍာန်အမျိုးမျိုးဖြင့် လူတို့၏ဘဝကို သရုပ်ဖော် ရေးသားလေ့ရှိသည်။ ထိုသို့ရေးသားသည့် စာပေများထဲမှ လူအများနှစ်သက်ကြသော ဝတ္ထုစာပေသည် စာပေလောကတွင် ခိုင်ခိုင်မာမာ ရပ်တည်လျက်ရှိသည်။ ဝတ္ထုဟူသော ပင်စည်မှ ဖြာထွက်လာသော ဝတ္ထုတိုနှင့် ဝတ္ထုရှည်သည် လူအများ အားပေးနှစ်သက်မှုကို ခံရသော ရသစာပေအဖွဲ့ဖြစ်သည်။ ထိုရသစာပေဖြစ်သော ဝတ္ထုစာပေမှ ဝတ္ထုတိုဟူသော သဘောတရားနှင့် ပတ်သက်၍ ပညာရှင်အသီးသီး၏ ယူဆချက်ကို လေ့လာကြည့်လျှင် ဆရာမောင်ထင်က–

> "ဝတ္ထုတိုအဖွဲ့သည် ယေဘူယျအားဖြင့် အကြောင်းရာတစ်ခု၊ ဖြစ်ရပ်တစ်ခု၊ လုပ်ရပ်တစ်ခု၊ စိတ်ကူးတစ်ခု၊ ဆင်ခြင်ပုံတစ်ခု၊ အတွေးအခေါ်တစ်ခု စသည်ဖြင့် တစ်ခုသောအချက်ကို ဇဟို မဏ္ဍိုင်ပြု၍ ဖွဲ့ဆိုသော အဖွဲ့ဖြစ်ပါသည်။"[၁]

ဟူ၍ ဝတ္ထုသဘောကို ဖွင့်ဆိုခဲ့ပါသည်။ ထို့ပြင် သူရိယကန္တိကလည်း ဝတ္ထုတိုနှင့် ပတ်သက်၍–

> "ဝတ္ထုတိုများမှာ တိုတိုတုတ်တုတ် လိုရင်းကိုချုပ်၍ စကားလုံးအပို များမပါစေရဘဲ ဇာတ်ကွက်လည်း လည်လေအောင် ဇာတ်လိုက် များ၏သရုပ်လည်း တဖြည်းဖြည်ပေါ်လေအောင် အကျဉ်းချုပ် နိဂုံး ဟု ခေါ်ဆိုအပ်သည်။

ဆရာတက်တိုးကလည်း ဝတ္ထုတိုတွင်–

> "ဇာတ်လမ်းဇာတ်ကွက်သည် ပဓာနမဟုတ် ဇာတ်ဆောင်၏ချက်ပိုင် သော ဘဝကို တစ်ချက်မျှဖော်ပြနိုင်လျှင် ဝတ္ထုတို၏ကိစ္စ ပြီးမြောက် ပြီဟု ဆိုနိုင်ပါ၏။"[၂]

ဟူ၍လည်းကောင်း၊ ပညာရှင်များက အမျိုးမျိုးအဆိုပြုခဲ့ကြသည်။

အထက်တွင်တင်ပြခဲ့သော ပညာရှင်အသီးသီး၏ အဆိုအမိန့်များကို ခြုံငုံ သုံးသပ်ကြည့်လျှင် ဝတ္ထုတိုသည် လူ့လောကထဲမှ အဖြစ်အပျက် တစ်စုံတစ်ရာကို အချိန်တိုအတွင်း စာဖတ်သူ ကွက်ကွက်ကွင်းကွင်း မြင်နိုင်အောင် ဖော်ပြနိုင်ရမည်။

---

[၁] ထင်၊ **မောင်**၊ ၁၉၇၉၊ ၂၁၇။

[၂] တက်တိုး၊ ၂၀၀၂၊ ၁၀။

ထို့အပြင် စာရေးသူ၏ အတွေးစိတ်ကူးဉာဏ်ဖြင့် ပေါင်းစပ်ကာ လူ့စရိုက်လူ့သဘာဝကို ပီပီပြင်ပြင်သရုပ်ပေါ်အောင် ရေးသားထားသော ရသစာပေလည်း ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

## ၃။ ဘဝသရုပ်ဖော်ဝတ္ထုတိုများ

စာရေးသူတို့သည် မိမိတို့ပတ်ဝန်းကျင်တွင် တွေ့မြင်နေရသော လူနေမှုဘဝ အတွေ့အကြုံများကို ကိုယ်ပိုင်ခံစားမှု အသိအမြင်များဖြင့် သရုပ်ဖော်ရေးသားလေ့ ရှိသည်။ ထိုသို့ရေးသားရာတွင် ခေတ်ကိုသရုပ်ဖော်သော ဝတ္ထုတိုများ မိဘမေတ္တာကို သရုပ်ဖော်သော ဝတ္ထုတိုများ လူ့စရိုက် လူ့သဘာဝကို သရုပ်ဖော်သော ဝတ္ထုတိုများ စသည်ဖြင့် အမျိုးမျိုး သရုပ်ဖော် ရေးသားကြသည်။ စာရေးသူခင်ခင်ထူးသည် ထိုကဲ့သို့သော သရုပ်ဖော်ဝတ္ထုများကို ရေးသားရာတွင် အမြင်စူးရှမှု ရှိသည်။ လူ့သဘော လူ့သဘာဝ ခေတ်အခြေအနေ လူနေမှုဘဝတို့ကို သရုပ်ဖော်ရာတွင် ထိထိမိမိ တင်ပြနိုင်စွမ်း ရှိသည်။ ဤစာတမ်းတွင် လှည်းယဉ်ကြော့ဝတ္ထုတိုများ ဘဝသရုပ်ကို ပေါ်လွင်စေသော ဝတ္ထုတို (၃)ပုဒ်ကို ရွေးချယ်၍ လေ့လာ တင်ပြသွားမည် ဖြစ်ပါသည်။

### ၃၊ ၁။ အာဘော်

အာဘော်ဟူသည် စာရေးသူ အသိပေးတင်ပြလိုသည့် အကြောင်းအရာ ရည်ရွယ်ချက်ပင် ဖြစ်သည်။ အာဘော်ကို မြန်မာ့အဘိဓာန်အကျဉ်းချုပ်၌–

"ဆိုလိုရင်း သဘောထား ဦးတည်ချက် အယူအဆ"[၁]

ဟု အဓိပ္ပာယ်ဖွင့်ပါသည်။ ဝတ္ထုတို၏အင်္ဂါရပ်များတွင် ဦးတည်ချက်ဟုလည်းကောင်း၊ ရည်ရွယ်ချက်ဟုလည်းကောင်း၊ အာဘော်ဟုလည်းကောင်း အမျိုးမျိုး သုံးနှုန်း ဖော်ပြလေ့ ရှိသည်။ ဤစာတမ်းတွင် စာရေးသူ၏ ရည်ရွယ်ချက်ကို အာဘော်ဟု သုံးနှုန်းကာ လေ့လာတင်ပြသွားမည် ဖြစ်ပါသည်။ အာဘော်နှင့်ပတ်သက်၍ ဆရာနတ်နွယ်က–

> "ဦးတည်ချက် သို့မဟုတ် အာဘော်ဟာ ဝတ္ထုရဲ့အသက်ပါပဲ ဝတ္ထုရဲ့ အခြေခံပါပဲ စာရေးဆရာတစ်ယောက် ဦးတည်ချက်တစ်ခုကို မဆုပ်ကိုင်မိဘဲနှင့် ဝတ္ထုတစ်ပုဒ်ကို မဖန်တီး မထုတ်လုပ်နိုင်ပါဘူး"[၂]

ဟူ၍ ဆိုထားပါသည်။

---

[၁] မြန်မာစာအဘိဓာန် ၊ အတွဲ၊ ၅၊ ၁၉၈၀၊ ၁၅၅။
[၂] နတ်နွယ်၊ ၁၉၇၉၊ ၆၂။

ထို့ကြောင့် ဝတ္ထုရေးဆရာတို့သည် မည်သည့်ဝတ္ထုမျိုးကို ရေးရေး စာဖတ်သူအား ရသခံစားမှုကို ပေးစွမ်းသကဲ့သို့ လောကအသိအမြင်တစ်ခုကို ရလာစေရန် ရည်ရွယ်၍ရေးရန် လိုအပ်ပါသည်။ စာရေးသူခင်ခင်ထူးသည် သူ၏ဝတ္ထုတိုများတွင် မှန်ကန်သော အသိအမြင်များဖြင့် ဝေဖန်ပိုင်းခြားတတ်စေရန် စေတနာရည်ရွယ်ချက်နှင့် ရေးသားထားသည်ကို တွေ့ရှိရပါသည်။

"ပုံတိုပတ်စ" ဝတ္ထုတိုတွင် သမီးဖြစ်သူ၏ ဆန္ဒသဘောထားကို နားလည်သော မိခင်သည် သမီးဖြစ်သူဝတ္ထုရေးဖြစ်ရန် အဝေးမှာနေလျှင် စာတိုပေစများ ရေးပို့ပေးသကဲ့သို့ လူချင်းတွေ့လျှင်လည်း မိမိငယ်စဉ်က ကြုံတွေ့ခဲ့ရသည့် အကြောင်းအရာများ ပုံတိုပတ်စများ ပုံခိုင်းပြောသည့် အကြောင်းအရာများ စသည်တို့ကို စီကာပတ်ကုံး ပြောလေ့ရှိသည်။ သို့သော်လည်း ထိုအကြောင်းအရာများ အားလုံးသည် ဝတ္ထုဖြစ်မလာခဲ့ပေ။ ထို့ကြောင့် သမီးအပေါ် အားမလိုအားမရစိတ် ရှိခဲ့သော်လည်း မိဘမေတ္တာမပျက်ဘဲ ဆက်၍ ဝတ္ထုရေးဖြစ်အောင် လမ်းခင်း ပေးခဲ့သည့် မိဘနှင့် မိဘစေတနာကို နားလည်လာသော သမီးတို့၏ဆက်ဆံရေးကို ဖော်ပြထားသည်။ မိဘတိုင်း သားသမီးအပေါ်ထားရှိသော စေတနာ မိဘမေတ္တာကို ပေါ်လွင်စေသောအဖွဲ့သည် ဤဝတ္ထု၏ အာဘော်ဖြစ်သည်။

'လေ့အိမ်ကလေး' ဝတ္ထုတိုသည် မန္တလေးမြို့ ဂေါဝိန်ဆိပ်အောက်နား မြစ်ကမ်းပါးတွင် ဧရာဝတီမြစ်ပေါ်ရှိ လေ့အိမ်ကလေးများပေါ်တွင် နေထိုင်ကာ နေ့ဘက်တွင် မြစ်ကမ်းပေါ်တက်၍ အလုပ်လုပ်ကြသော ကလေးငယ်တို့၏ဘဝကို ဖော်ပြထားသည်။ မိဂျိုးသည် အသက် ဆယ်နှစ်အရွယ် ကလေးငယ်တစ်ဦး ဖြစ်သော်လည်း ဘဝကို ရုန်းကန်လှုပ်ရှားကာ မိသားစု၏ စားဝတ်နေရေးကို အဓိက ကူညီပေးနေရသူ တစ်ဦး အဖြစ် ဖော်ပြထားသည်။ မြစ်ကမ်းနားရှိ သဲထမ်းသမား၊ အရက်သမား၊ ကုန်ထမ်းသမား စသည့် လူအမျိုးမျိုးတို့ခိုင်းသည့် အဝယ်တော်အလုပ်ကို လုပ်ကိုင်ခဲ့သည်။ ပညာသင်ချိန်တွင် ပညာသင်ခွင့်မရဘဲ ဘဝကို ရိုးသားစွာဖြတ်သန်း၍ ရုန်းကန်နေကြရသော ကလေးငယ်လေးများရှိကြောင်း အသိပေးတင်ပြလိုခြင်းသည် ဤဝတ္ထု၏ အာဘော် ဖြစ်သည်။

'ဥပါဒါန်' ဝတ္ထုတိုတွင် အညာကျေးလက်ဒေသ၌ ရိုးရာဓလေ့ နတ်ကိုးကွယ်ယုံကြည်သူများ၏ အစွဲလမ်းကြီးပုံကို ဖော်ပြထားသည်။ အဓိကဇာတ်ဆောင် အေးရှင်သည် နတ်ကို ယုံကြည်ကိုးကွယ်သည့်အပြင် ရွာသူရွာသားများကလည်း နတ်ကို ယုံကြည်ကိုးကွယ်ကာ အစွဲလန်းကြီး နေကြသူများဖြစ်ကြောင်း ဖော်ပြထားသည်။ နတ်ပွဲရက်ရောက်တိုင်း ပြန်လေ့ရှိသော မအေးရှင်သည် ယခုနှစ်တွင်ပြန်ရန် အားခဲထားသော်လည်း မပြန်ဖြစ်လိုက်ရ၍ စိတ်ပန်း လူပန်းဖြစ်ကာ ဖျားနာခဲ့ရသည်ကိုပင်

ခင်ပွန်းဖြစ်သူ ကိုကံမောင်ကလည်း နတ်များ တစ်ခုခုလုပ်ထား၍ ဖျားနာနေရခြင်းလား ဟု ထင်ယောင် ထင်မှား ဖြစ်ခဲ့သည်။ အညာကျေးလက်ပြည်သူများ၏ ယုံကြည် ကိုးကွယ်မှုအပေါ် အစွဲလမ်းကြီးသော လူ့သဘာဝကို ဖော်ပြထားသည်။ ဥပါဒါန် ကြောင့် ဥပါဒ်ရောက်တတ်သည့်သဘောကို ဖော်ပြလိုခြင်းသည် ဤဝတ္ထု၏ အာဘော် ဖြစ်သည်။

ထို့ကြောင့် ဤစာတမ်းတွင်ပါဝင်သော ခင်ခင်ထူး၏ ဝတ္ထုတို (၃)ပုဒ်သည် စာရေးသူ၏ ပတ်ဝန်းကျင်တွင် တွေ့မြင်ကြုံတွေ့နေရသော လူမှုပတ်ဝန်းကျင်မှ အဖြစ် အပျက်များကို မှန်ကန်သော အသိအမြင်ဖြင့် ဝေဖန် ပိုင်းခြားတတ်စေရန် စာနာ နားလည်တတ်စေရန် စာဖတ်သူများကိုလည်း ဘဝသင်ခန်းစာများ ရရှိစေရန် ရည်ရွယ် ၍ ရေးဖွဲ့ထားပါသည်။ ဦးတည်ချက်ကောင်းသော ဝတ္ထုတိုများဖြစ်သဖြင့် စာဖတ်သူ များကိုလည်း မှန်ကန်သော အသိအမြင်များ၊ ဗဟုသုတများ တိုးပွားစေပါသည်။

## ၃၊ ၂။ ဇာတ်လမ်းဖန်တီးမှု

ဝတ္ထုတိုသည် လူ့လောကထဲရှိ ဖြစ်ရပ်များစွာကို စာရေးသူ၏ အတွေးစိတ်ကူး နှင့် ပေါင်းစပ်ကာ စာဖတ်သူအား နှစ်သက်ခံစားမှုကို ပေးစွမ်းနိုင်အောင် ရေးဖွဲ့ထား သည့် ရသစာပေ အဖွဲ့ပုံစံ ဖြစ်သည်။ ထိုဝတ္ထုတိုတွင် ဝတ္ထုတို၏ အင်္ဂါရပ်များဖြစ် သော ဦးတည်ချက်၊ ဇာတ်လမ်း ဇာတ်ဆောင်၊ နောက်ခံဝန်းကျင်တို့ဖြင့် ဖန်တီး ရေးဖွဲ့လေ့ရှိသည်။ ထိုအင်္ဂါရပ်များထဲမှ ဇာတ်လမ်း ဖန်တီးမှုနှင့် ပတ်သက်၍ ဆရာ အောင်သင်းက–

> "ဇာတ်လမ်းဆိုသည်မှာ ဇာတ်ဆောင်တို့၏ ဘဝလမ်းကြောင်း အသိအမြင်ကို မမျှော်လင့်ဘဲ ပြောင်းသွားစေမည့် အဖြစ်အပျက် များကို ကျိုးကြောင်း ဆက်စပ်ပြထားသော ဖြစ်စဉ်တစ်ခုဟု ဆိုချင် ပါသည်"[၁]

ဟူ၍ လည်းကောင်း၊ ဆရာတက်တိုးကလည်း–

> "ဝတ္ထုတို၌ ဇာတ်လမ်းဇာတ်ကွက်သည် ပဓာနမဟုတ် ဇာတ် ကောင်၏ ချက်ပိုင်သောဘဝကို တစ်ချက်မျှ ဖော်ပြနိုင်လျှင် ဝတ္ထုတို၏ကိစ္စသည် ပြီးမြောက်ပြီဟု ဆိုလိုပါ၏"[၂]

---

[၁] အောင်သင်း၊ ၁၉၇၈၊ ၅၇။

[၂] တက်တိုး၊ ၂၀၀၂၊ ၁၂။

ဟူ၍လည်းကောင်း ဖွင့်ဆိုထားပါသည်။ ထို့ကြောင့် ဝတ္ထုတိုတွင် ဇာတ်လမ်းဖန်တီးရာ၌ ဇာတ်ရှိန်မြင့်တက်လာစေရန် ဇာတ်ဆောင်များ၏ လှုပ်ရှားမှုအမူအရာ၊ ဇာတ်ဆောင် အချင်းချင်း အပြန်အလှန်စကားပြောခန်း အားပြိုင်မှု၊ မြှုပ်ကွက်၊ နိမိတ်ပြကွက်များဖြင့် စာဖတ်သူများ စိတ်ဝင်စားအောင် ဖန်တီးရေးဖွဲ့ရမည်ဖြစ်ပါသည်။

'ပုံတိုပတ်စ' ဝတ္ထုတိုသည် သားသမီးတို့ဖြစ်ချင်သော စိတ်ဆန္ဒကို မိဘက လိုက်လံ ဖြည့်ဆည်းပေးကာ အောင်မြင်စေချင်သော မိဘတို့၏ စေတနာ၊ မေတ္တာကို တင်ပြလိုခြင်း ဖြစ်သည်။ စာရေးသူသည် အဓိကဇာတ်ဆောင် အမေဖြစ်သူ နေထိုင်ရာ နေရာနှင့် မိမိ နေထိုင်ရာသည် မန္တလေးမြို့တစ်မြို့တည်း ဖြစ်သော်လည်း အရှေ့နှင့် အနောက် ကွာဝေးကြောင်း အစပျိုး၍ အမေ့ထံလူကြုံရှိလျှင် အမေကြိုက်တတ်သည့် စားစရာ၊ ဆေးဝါးများ ပေးပို့ပေးတတ် ကြောင်း၊ ငွေစကလေးရွှင်သည့်အခါ ကိုယ်တိုင်သွားရောက် ကန်တော့သော်လည်း အရောက် အပေါက်နည်းသည့်အခါတွင် အမေသည် သာကြောင်းမာကြောင်းရေးသည့်စာထက် သမီးဖြစ်သူ ဝတ္ထုရေးဖြစ်အောင် သူ၏ အတွေ့အကြုံများကိုရေးသည့် စာတိုပေစလေးများက များသည်ဟု စာဖတ်သူများ ရှေ့ဘာဆက်ဖြစ်မည်ကို သိချင်အောင် ဇာတ်လမ်းကို နှိုးဆွပေးထားသည်။ ထို့နောက်–

> "ကျွန်မ စာရေးဆရာဖြစ်ရခြင်းသည်ပင် အမေ့ကျေးဇူးက ခပ်များများ မဟုတ်လား"[၁]

ဟူ၍ အမေ့ကျေးဇူးကို ထုတ်ဖော်ပြောကြားသည့် စာရေးသူ၏ပြောစကားမှာ နိမိတ်ပြကွက် သဘောဖြစ်သည်။ ရှေ့ဆက်ပြီး စာရေးသူအား မည်ကဲ့သို့ ထောက်ပံ့ကူညီပေးမည်ကို သိစေလိုသော စာဖတ်သူများကိုလည်း သိချင်လာအောင် ဇာတ်လမ်းကို တဖြည်းဖြည်းချင်း ဆွဲဆောင်ပြီး ဇာတ်တက်သွားအောင် ရေးသားထားသည်။ ထို့အပြင်–

> "ပညာရယ်လို့ မပြည့်စုံရှာသော်လည်း အမေက လူ့အကြောင်း လူ့အထာတွေကို ကောင်းကောင်းသိသူ ဖြစ်သည်။ ဝတ္ထုတိုသဘောတရားကို အမေ နားမလည်နိုင် သော်လည်း အမေကိုယ်တိုင် စီကာပတ်ကုံး ပြောသမျှသည် ဝတ္ထုဖြစ်နေတတ်သည်။"[၂]

ဟူ၍လည်း မိမိကို စာရေးဖြစ်အောင် လမ်းခင်းပေးသူမှာ အမေဖြစ်သည်။ အမေသည် အတန်းပညာ မပြည့်စုံသော်လည်း နှုတ်ရေးကြွယ်သည်။ စကား အလွန်ပြောတတ်

---

[၁] ခင်ခင်ထူး၊ ၂၀၀၉၊ ၂။

[၂] –ယင်း–၊ ၄။

သည်။ လောကအကြောင်း၊ ဓမ္မအကြောင်း ဆင်ခြင်သုံးသပ်နိုင်စွမ်းရှိသည်။ ထို့ပြင် အမေ၏ အားသာချက်မှာ အညာသူပီပီ စကားကို စီကာပတ်ကုံး အညာလေ အညာငွေ့ဖြင့် အညာသံ လှိုင်လှိုင်သုံးကာ ပြောတတ်ခြင်းဖြစ်သည်။ အမေ့အကြောင်းကို စာရေးသူ ကိုယ်တိုင်ပြော ရှုထောင့်ဖြင့်ပြောပြီး ရှေ့ဇာတ်လမ်းတွင် အမေဖြစ်သူ မည်ကဲ့သို့ ပြုမူလှုပ်ရှားမည်ကို သိစေလိုသည့် နိမိတ်ပြကွက်ဖြင့် ဖော်ပြထားသည်။

ထို့နောက် စာရေးသူကိုယ်တိုင် အမေနှင့် ငယ်စဉ်ဘဝအတူနေရစဉ် အဖြစ်အပျက်များကို အောက်မေ့ကာ အမေ၏ ပုံတိုပတ်စစကားများ အကြောင်းအရာတစ်ခု တိုက်ဆိုင်လျှင် ပုံခိုင်းပြောသည့် စကားများကို တစ်ခုချင်းစီပြောကာ စာဖတ်သူ စိတ်ဝင်စားလာအောင် ပြောသောအပိုင်းသည် ဇာတ်တက်ပိုင်း ဖြစ်သည်။ ဇာတ်ထွတ်ပိုင်းတွင် စာရေးသူငယ်စဉ်က အမေပြောတတ်သော အကြောင်းအရာများကို အလေးအနက် မထားခဲ့သော်လည်း–

> "အခုတော့ အမေ လှမ်းပို့တတ်သော စာတိုကလေးတွေကို ကျွန်မ သိမ်းတတ်နေပြီ အမေ့ ပုံတိုပတ်စကလေးတွေကို ခံယူတတ်နေပြီ"[၁]

ဟူ၍ အမေ့မေတ္တာတရားကို တန်ဖိုးထားမြတ်နိုးတတ်ပုံကို တင်ပြထားသည်။ အမေ့ ပုံဝတ္ထုများကြောင့် စာရေးဆရာဖြစ်လာခြင်း ဖြင့် ဇာတ်သိမ်းထားသည်။

ဤဝတ္ထုတွင် အမေ့ကို ပုံတိုပတ်စပြောတတ်သူအဖြစ် ဖန်တီးပြီး သမီးဖြစ်သူကို ဝတ္ထုရေးသူအဖြစ် ဖန်တီးထားသည်။ သမီးဖြစ်သူ ဝတ္ထုရေးဖြစ်အောင် ဖန်တီးပေးသူအဖြစ်လည်း မိခင်ကို တွေ့ရသည်။ ဝတ္ထုဇာတ်လမ်းနှင့် လိုက်ဖက်သည့် ခေါင်းစဉ်ကိုလည်း ပုံတိုပတ်စဟု ပေးထားသည်။ မိဘတိုင်း သားသမီးအပေါ်ထားရှိသော စေတနာ မေတ္တာနှင့် မိဘ၏စေတနာကို နားလည်လာသော သမီးတို့၏ဖြစ်ရပ်ကို ဖော်ပြထားသည်။ စာရေးသူသည် လူမှုဘဝတွင် ကြုံတွေ့နေရသော အခြေအနေများကို သဘာဝကျ၍ စိတ်ဝင်စားဖွယ် ကောင်းအောင် ဇာတ်လမ်း ဇာတ်ကွက်များဖြင့် တင်ပြထားသည်။

'လှေအိမ်ကလေး' ဝတ္ထုတိုတွင် ဧရာဝတီမြစ်ပေါ်ရှိ လှေအိမ်ကလေးများပေါ်တွင် နေထိုင်ကာ ဘဝကို ရုန်းကန်နေရသော မိသားစုများ၏ လူနေမှုဝန်းကျင်ကို ဖော်ပြထားသည်။ ဤဇာတ်လမ်းတွင် အဓိကဇာတ်ဆောင်မှာ မိဂျိုး ဖြစ်သည်။ စာရေးသူသည် ဇာတ်လမ်းအစတွင်ပင် အဓိကဇာတ်ဆောင် မိဂျိုး နေထိုင်ရာကို–

---

[၁] ခင်ခင်ထူး၊ ၂၀၀၉၊ ၂။

> "ဂေါ်ဝိန်ဆိပ်ရဲ့ အောက်ဘက်နားကို ကိုက်တော်တော်များများ လျှောက်လာလိုက်ရင် သံလျက်မော်လို့ခေါ်တဲ့ ချော်ဆိပ်မြစ် ကမ်းပါးကို တွေ့ရမှာပါ။ ဘကုန်းတွဲ သင်္ဘောကြီးတွေ၊ လှေတွေနှင့် ကုန်တင်ကုန်ချ လုပ်နေကြတဲ့ အလုပ်သမားတွေ၊ ကုန်တင် ကားကြီးတွေ၊ မြင်းလှည်းတွေ၊ ဆိုက်ကားတွေ၊ ပြီးတော့ မိုးကာ တာလပတ်စကြီးတွေ အုပ်ဆိုင်းထားတဲ့ ကုန်တွေကလည်း ဟိုတစ်ပုံသည့်တစ်ပုံ တလှုပ်လှုပ် တရှုရှု ဥဒဟို သွားလာနေကြတဲ့ လူတွေနှင့်"[၁]

ဟူ၍ အဝေးမြင်ကွင်းဖြင့် လည်းကောင်း၊

> "ခပ်နီးနီးကလေး ကပ်ကြည့်မယ် ဆိုရင်တော့ မြစ်ကမ်းပါးကို တွယ်ကပ်နေကြတဲ့ ဂျော်ဂျက် လှေကလေးတွေကို တွေ့ရမယ်"[၂]

ဟူ၍ အနီးမြင်ကွင်းဖြင့်လည်းကောင်း ဖော်ပြထားသည်။ ထိုလှေကလေးများသည် ဝါးပေါင်းမိုး ခပ်ကုပ်ကုပ်ကလေးကို ပလက်စတစ်အုပ်ထားသည်။ ထိုလှေကလေးများထဲတွင် နေထိုင်ကာ မနက်မိုးလင်းလာလျှင် ကုန်းပေါ်တက်၍ အလုပ်လုပ်ကြသော မိဂျိုးနှင့် ဘဝတူ သူငယ်ချင်းများကို မိတ်ဆက်ကာ ဇာတ်လမ်းကို အစပျိုးထားသည်။ မိဂျိုး နေထိုင်ရာဝန်းကျင်သည် အခြေခံ လူတန်းစားများဖြစ်ကြောင်း အသေးစိတ် သရုပ်ဖော်ကာ ဇာတ်ဆောင်မိဂျိုးသည်လည်း ရှေးဆက် မည်ကဲ့သို့ ဘဝကို ရုန်းကန်ရမည်ကို သိစေလိုသော နိမိတ်ပြကွက်လည်း ဖြစ်သည်။ ထို့နောက် စာရေးသူသည် မိဂျိုး၏မိသားစုအကြောင်းကို ဖော်ပြသည်။ မိဂျိုးသည် ဖခင် သဲထမ်း အလုပ်သမား ကိုကြွက်သိုးနှင့် မငွေတိုးတို့၏ သမီးဖြစ်သည်။ ဖခင်သည် သဲထမ်းသည့် လုပ်အားခကို မိသားစုကိုပေးဖို့ထက် အရက်ဆိုင်က ဒေါ်တုတ်မကိုပေးဖို့က များနေတတ်သည်။ ထို့ကြောင့် မိဂျိုးသည် မြစ်ကမ်းနားတွင် အဝယ်တော်အလုပ်ကို လုပ်ကာ မိသားစု ခြောက်ယောက်၏တာဝန်ကို ကူညီဖြေရှင်းပေးရကြောင်း ဖော်ပြထားသည်။ မိဂျိုးနှင့် သူငယ်ချင်း များသည် အဝယ်တော် အလုပ်မရှိလျှင် –

> "ကလေးတွေအားလုံး ကမ်းနားမှာ တွေ့သမျှအလုပ်တွေ အကုန် လုပ်ကြတာပါ၊ ဆန်အိတ်တွေ၊ ပဲအိတ်တွေ၊ ကြက်သွန်အိတ်တွေ

---

[၁] –ယင်း–၊ ၁၄၃။

[၂] –ယင်း–။

> မီးသွေး အိတ်တွေ တင်ကြချကြရာက ပေါက်ကြလာတာတွေကို ကျုံးကြတယ်"[၁]

ဟူ၍လည်းကောင်း၊

> "ရသမျှပစ္စည်း အတိုအစကလေးတွေကို စုပြီး တစ်ရာရရ နှစ်ရာရရ ကုန်းပေါ်က ဝယ်သူတွေဆီ ပြေးရောင်းကြတယ်၊ ရတဲ့ပိုက်ဆံကို ဆန်ဝယ်ဖို့ သူတို့အိမ်တွေ ပြန်ပေးကြရတယ်"[၂]

ဟူ၍လည်းကောင်း၊ မိဂျိုးနှင့် ပတ်ဝန်းကျင်ရှိကလေးများ မည်ကဲ့သို့ လုပ်ကိုင် စားသောက်ရပုံကို ဖော်ပြရင်း ဇာတ်လမ်းကို တဖြည်းဖြည်း တက်ထားသည်။ ထို့နောက် ကလေးတို့ သဘာဝ အလုပ်မရှိလျှင် ဆော့ကစားကာ မိမိတို့အိမ်သို့ပေးရန် ဆန်ဖိုးမပြည့်သေးလျှင် တစ်ယောက်နှင့် တစ်ယောက် ဝိုင်းဝန်းကာ ကူညီပေးသည့် စိတ်ထားများကိုလည်း တွေ့ရသည်။ ဇာတ်ထွတ်ပိုင်း တွင် မိခင်က ငွေများများရလျှင် လှေအိမ်ကလေးကိုဖာထေးရန် ပြောသောစကားကို ကြားယောင်မိ၍ အလုပ်ခိုင်းမည့် သူကိုမျှော်ကာ အမေပင်ပန်းမှာစိုးတာကြောင့် လှေဝမ်းထဲဆင်းပြီး ရေများကို ပုံးနှင့် ခပ်ထုတ်ပစ်နေချိန် ဖြစ်သည်။ ထိုသို့ အလုပ်လုပ်ရင်း မျှော်နေချိန်မှာပင် မိမိ ဖောက်သည် ဦးဗလတို့သင်္ဘောရောက်ရှိ၍ မိမိအား လူကြုံနှင့် စကားပါးလိုက်သောအခါ ဝမ်းသာအားရ ဖြစ်နေသော မိဂျိုး၏ ပုံသဏ္ဍာန်ကို–

> "လက်ထဲကရေပုံးကို ဝုန်းကနဲပစ်ချပြီး စပ်ထဘီလေးကို ပြင်ဝတ်လိုက်တယ်။ ဦးဗလတို့သင်္ဘောဆိုက်ရင် မိဂျိုး မုန့်ဖိုးအများကြီး ရတတ်တာကိုး"[၃]

ဟူ၍လည်းကောင်း၊

> "ကုန်းပေါ်မှာ အဝတ်ရေစိုတွေ လှမ်းနေတဲ့ အမေ့ကိုခေါ်ရင်း ကုန်းပေါင်ပေါ်က လွှားခနဲ ခုန်ချလိုက်တယ်"[၄]

ဟူ၍လည်းကောင်း ပိုက်ဆံများများရတော့မည်ကို သိသောအခါ ဟန်မဆောင်တတ်သော ပျော်ရွှင်နေသော ကလေးသဘာဝကို ဖော်ပြရင်း မိဂျိုး၏ ခက်ခဲနေသောကိစ္စကို ဖြေရှင်းပေးရင်း ဇာတ်ကို ဆင်းထားသည်။ ထို့နောက် အလုပ်ကိစ္စကို မယ်မယ်ရရမသိ

---

[၁] ခင်ခင်ထူး၊ ၂၀၀၉၊ ၁၄၃။
[၂] –ယင်း–။
[၃] ခင်ခင်ထူး၊ ၂၀၀၉၊ ၁၄၇။
[၄] –ယင်း–။

ဦးဗလတို့ ရောက်ရှိနေကြောင်း ဒေါ်ရှပ်ဆိုးကြီးထံ သွားပြောပေးရုံဖြင့် ရရှိလာသော ငွေတစ်ထောင်ကို ဆုပ်ကိုင်ကာ အမေ၏ လေ့အိမ်ကလေးကို ပြင်ဆင်ရန်ဆန္ဒကို ဖြည့်ဆည်းပေးချင်သော မိဂျိုး၏စိတ်ဆန္ဒမှာ အမေ့ဆီသို့ အမြန် ပြန်ရောက်ချင်နေမိကြောင်း ဇာတ်လမ်းကို အဆုံးသတ်ထားသည်။

ဤဝတ္ထုတွင် စာရေးသူသည် အဓိကဇာတ်ဆောင် မိဂျိုးကို အသက်ဆယ်နှစ်အရွယ် အတန်းပညာ မတတ်သော်လည်း သွက်လက်ချက်ချာသူတစ်ဦး အဖြစ် ဖန်တီးထားသည်။ ငယ်ရွယ်သော်လည်း မိသားစုကို ကူညီ ထောက်ပံ့ပေးနေရသူ တစ်ဦးဖြစ်ကြောင်း မိဂျိုး၏စရိုက်ကို ပေါ်လွင်အောင် အခြား အရံဇာတ်ဆောင်များဖြင့်လည်းကောင်း ဇာတ်ဆောင်ကိုယ်တိုင် ပြောစကားဖြင့်လည်းကောင်း ဖော်ပြကာ ဇာတ်လမ်းကို ရွှေ့လျားစေသည်။ စာရေးသူသည် ကလေးငယ်တစ်ဦးကို ဇာတ်ဆောင်ထားကာ မိသားစု၏ ဘဝပြဿနာကို ကူညီပေးရသူအဖြစ် ဖန်တီးထားသည်။ ထိုကဲ့သို့ လူနေမှုဘဝဝန်းကျင်တွင် အခြေခံလူတန်းစားများ၏ အခက်အခဲများ ရှိကြောင်း စာဖတ်သူများကို အသိပေး တင်ပြထားသည်။ မိဂျိုးနေရာနှင့် လူမှုပတ်ဝန်းကျင် အနေအထားတို့သည် နောက်ခံအဖွဲ့များ ဖြစ်သည်။ ဝတ္ထုတိုဖြစ်၍ ဇာတ်လမ်း ဇာတ်ဆောင်နှင့် နောက်ခံကို တစ်သားတည်းဖြစ်အောင် တင်ပြထားသည်။

'ဉပါဒါန်' ဝတ္ထုတိုသည် အချို့အညာကျေးလက်ဒေသများ၌ နတ်ကိုယုံကြည်ကိုးကွယ်ကာ အစွဲလန်းကြီးနေကြသောသူများ၏အကြောင်းကို ဖော်ပြထားသည်။ ဝတ္ထု ဇာတ်လမ်းအစတွင် အဓိကဇာတ်ဆောင် မအေးရှင်သည် ငရုတ်သီးတစ်ဆုံစာကို လက်က ထောင်းနေသော်လည်း စိတ်က အမေ့ရွာသို့ရောက်နေသည်။ သည်နှစ်သည်လိုအချိန်အခါ ရောက်ပြီဆိုလျှင် အမေ့ရွာသို့ ပြန်ချင်စိတ်များ တဖွားဖွားပေါ်လာသည်။ အမေ့ရွာဆိုသော်လည်း မအေးရှင်၏ ဇာတိရွာပါပဲဟူ၍ တွေးတောကာ လက်က သူ့အလုပ်သူလုပ်သလို စိတ်ကလည်း သူ့အလုပ်သူလုပ်နေသော မအေးရှင်၏ အပြင်စိတ်နှင့်အတွင်းစိတ် အားပြိုင်ကာ စာဖတ်သူ စိတ်ဝင်စားအောင် ဖန်တီးထားသည်။

ကဆုန်လပြည့်ကျော် တစ်ရက်နှစ်ရက်ရောက်လျှင် မအေးရှင်တို့ရွာ၌ နှစ်စဉ်မပျက် ကျင်းပသော နတ်ပွဲရှိသည်။

> "မိဆိုင်ဖဆိုင်နတ်ကလည်းဖြစ်ပြန် ရွာတော်ရှင် မယ်တော် နတ်ကလည်း ဖြစ်ပြန်ဆိုတော့ နတ်ပွဲရက်ရောက်လို့ နန်းတိုင်လက်နှင့်

> မကိုင်ရလျှင် လောကမယ် လူဖြစ်ရှုံးရလေခြင်းဟု အောက်မေ့ကြသူ တွေ မဟုတ်လား"[၁]

ဟူ၍ မအေးရှင်တို့တစ်ရွာလုံး နတ်ကိုးကွယ်ကြသူများ ဖြစ်ကြောင်း ဖော်ပြထားသည်။ ကိုကံမောင်တို့ ညောင်မုတ်ဆိတ်ရွာနှင့် မအေးရှင်၏ဇာတိ ပန်းညိုရွာမှာ တစ်နယ်တစ်ကြောတည်း ဖြစ်သော်လည်း လှည်းတစ်တန် လှေတစ်တန် ကုန်းတစ်တန် တစ်နေကုန် ခရီးသွားရသည်။ မအေးရှင်သည် ယောင်နောက်ဆံထုံးပါ ကိုကံမောင် နောက် လိုက်ခဲ့ရသော်လည်း နတ်ပွဲရက်ရောက်လျှင် မဖြစ်ဖြစ်အောင် ပြန်လေ့ရှိကြောင်း–

> "ကိုကံမောင်ရေ––– ကဆုန်လပြည့်ရက်တောင် နီးပါပကော သည်နှစ် ကျုပ်တို့ ရွာပြန်ရဦးမယ်တော် ကျုပ်တို့မလဲ စိုပင် စိုသော်လည်း မလန်း ဆိုတာလိုပဲ တစ်နှစ်စားဖို့တောင် အနိုင်နိုင်ပေမယ့် နတ်များတော့ မနေဝံ့ပေါင်တော်"[၂]

ဟူ၍ နတ်ယုံကြည်ကိုးကွယ်မှုကို အစွဲလမ်းကြီးကြောင်း ဖော်ပြထားသည်။ ထို့ပြင် မိမိနတ်ပွဲသွားလျှင် ကျန်ခဲ့မည့် ကိုကံမောင်အတွက် တတ်နိုင်သမျှ ကြိုတင်၍ အလုပ်များကို လုပ်ပေးကာ အမေ့ရွာသို့ရောက်လျှင် အမေ့ကိုကန်တော့ဖို့ ညီအစ်ကိုမောင်နှမများ၊ မိတ်ဆွေများအတွက် ယူသွားမည့်လက်ဆောင်များ စသည်ဖြင့် သွားမည့်အရေး ကြိုတင်၍ စိတ်ထဲတွင် ပြင်ဆင်ကာ စိတ်ကူးယဉ်နေမိသည်။ ကိုကံမောင် လှမ်းခေါ်တော့မှပင် ထောင်းလက်စ ငရုတ်ကျည်ပွေ့ကို ငရုတ်ဆုံထဲ စိုက်ထားခဲ့ကာ ခြံဝပြေးထွက်ခဲ့သည်။ ဇာတ်လမ်းအစတွင်ပင် မအေးရှင်သည် မိမိရွာကို ပြန်ချင်စိတ်၊ ပြန်ချင်ရသည့် အကြောင်းရင်းများကို စိတ်ဝင်စားဖွယ် ကောင်းအောင် ဖော်ပြထားပြီး စာဖတ်သူများကိုလည်း မအေးရှင် နတ်ပွဲသို့ ပြန်ဖြစ်မလား သိချင်စိတ်ကို ဖြစ်ပေါ်လာစေပါသည်။

ဇာတ်တက်ပိုင်းတွင် ယောက္ခမဖြစ်သူ ဒေါ်စံထီနေမကောင်းဖြစ်၍ သွားရောက်ပြုစုကာ အိမ်ထောင့်တာဝန်များမိမိအပေါ်ပုံကျ၍ မိမိအိမ်နှင့်ယောက္ခမအိမ် အိမ်ထောင်နှစ်ခုတာဝန်ကို တစ်ပြိုင်နက်တည်း ယူနေရသောကြောင့် အလုပ်နှင့်လက် မပြတ်သလိုဖြစ်နေ လေသည်။ နေကုန်နေခန်း အလုပ်လုပ်ရ၍ နတ်ပွဲရက် ရောက်သည်ကိုပင် မသိတော့ချေ။ သို့သော်လည်း မအေးရှင်၏အတွေးများကား

---

[၁] ခင်ခင်ထူး၊ ၂၀၀၉၊ ၁၈၂။
[၂] –ယင်း–။

> "မြို့ရောက်နေသည့် ညီမဖြစ်သူ ထွေးရှင်တို့မိသားစုတောင် ရောက်နေလောက် နေရောပေ့ါ။ ရေစကြိုအနောက် စိုင်သေရွာကလေးမှာ အခြေကျနေသည့် မောင်အငယ်ဆုံး လှဘော်ရော အောက်ပြည်အောက်ရွာကလေးမှာ အလုပ်လုပ်နေသည့် အစ်ကို အောင်ကျော်တို့ပါ သည်နှစ်လာကြလိမ့်မည်။ နတ်ပွဲဆိုတော့ ရောက်ရာအရပ်က ဒုန်းပြေးလာကြသူတွေ မဟုတ်လား။"[၁]

ဟူ၍ အမေ့အိမ်တွင် လက်ပံပင် ဆက်ရက်ကျသလို မောင်နှမများ ပွက်ပွက်ညံနေမည့်အပြင် သူငယ်ချင်းများကလည်း မိမိရောက်ပြီလားဟု လာမေးနေကြမည့်အဖြစ်ကို မြင်ယောင်ကာ အတွေးစိတ်ကူးနှင့် လွမ်းနေမိသော်လည်း သည်နှစ် အမေ့ရွာကို ရောက်ဖို့ လမ်းမမြင်တော့ကြောင်း ဖော်ပြထားခြင်းသည် စာရေးသူ၏ လှည့်ကွက်ဖြစ်သည်။ နတ်ပွဲသို့ လူကိုယ်တိုင် မရောက်သော်လည်း စိတ်ကူးနှင့် ပေးရောက်ကာ စာဖတ်သူကို ပို၍ စိတ်ဝင် စားစေသော လှည့်ကွက်ကို ဖန်တီးထားသည်။ အမေ့ရွာသို့ လွမ်းသည့်စိတ်နှင့် မိမိ၏ ညီအစ်ကို မောင်နှမများ မိသားစုများ ငယ်စဉ်က အဖြစ်အပျက်များကို ပြန်ပြောင်းအောက်မေ့ကာ သတိရမိသည့် အဖြစ်အပျက်များသည် ဇာတ်တက်ပိုင်းဖြစသည်။ ထိုပွဲ မြင်ကွင်းများကို ပြန်လည် မြင်ယောင်ကာ ရွာကို လွမ်းသည့်စိတ်နှင့် ယောက္ခမကိုပြုစုရင်း နတ်ပွဲရက်ကျော်လွန်သွား၍ စိတ်ပန်း လူပန်းဖြစ်ကာ အဖျားကြီး ဖျားနာခဲ့လေသည်။ ထိုအပိုင်းသည် ဇာတ်ထွတ်ပိုင်းဖြစ်သည်။ ဇာတ်ထွတ်ပိုင်းတွင် ဇာတိရွာသို့ ပြန်ချင်နေသော မအေးရှင်၏ဆန္ဒ ပြည့်မပြည့် အဖြေပေးရသည်။ ဤသို့ ဖျားနာသည်ကိုပင် နတ်များ ကိုင်သည်ဟု ထင်ယောင်ထင်မှားဖြစ်နေ သော ခင်ပွန်း ကိုကံမောင်ကို ခာတ်ဆရာကြီး ဆရာသောင်က အေးရှင် ထူထူထောင်ထောင် ဖြစ်လာလျှင် သူ့ဇာတိ ပန်းညိုရွာကို လိုက်ပို့ပေးရန်ဟူသော ဆေးကို ပေးခဲ့သည်။ ထိုဆေးပေးရန် ပြောသောအခါ မအေးရှင်မှာ မတ်တပ်ကြီး ထရပ်လျက် ပြန်လည် ကောင်းမွန်လာလေသည် ဟူ၍ ဇာတ်လမ်းကို အဆုံးသတ်ထားသည်။ ဤဝတ္ထုတွင် အညာကျေးလက်ဒေသများ၌ ရိုးရာဓလေ့ နတ်ကိုးကွယ်ယုံကြည်မှုမှ တစ်ဆင့် အစွဲလန်းကြီးကာ ဥပါဒါန်ကြောင့် ဥပါဒ်ရောက်တတ်သည့် သဘောကို ဖော်ပြထားသည်။ ဝတ္ထုဇာတ်လမ်းအစတွင်ပင် အဓိက ဇာတ်ဆောင်အေးရှင်သည် မိမိဇာတိရွာကို ပြန်ချင်ရသည့် အကြောင်းရင်းမှာ နတ်ပွဲကျင်းပ ချိန်သွားချင်ခြင်းသည် အဓိကဖြစ်သည်။ ဇာတ်ဆောင်အေးရှင်ကို နတ်ကို ယုံကြည်သူ အဖြစ်ဖန်တီးပြီး ဝတ္ထုဇာတ်လမ်းနှင့် အံဝင်ခွင်ကျဖြစ်အောင် သရုပ်ဖော် ထားသည်။

---

[၁] ခင်ခင်ထူး၊ ၂၀၀၉၊ ၁၉၁။

## ၃၊ ၃။ ဇာတ်ဆောင်စရိုက်ဖန်တီးမှု

စာရေးသူတို့သည် ဝတ္ထုတစ်ပုဒ်ကို ဖန်တီးရာတွင် ဇာတ်လမ်းတည်းဟူသော ဇာတ်ခုံပေါ်၌ ဇာတ်ဆောင်တို့ကိုလည်း သူ့နေရာနှင့်သူ အံဝင်ခွင်ကျ ဖြစ်အောင် သရုပ်ဖော်ရေးသားကြသည်။ ဇာတ်ဆောင်များတွင် အဓိကဇာတ်ဆောင် အရံဇာတ်ဆောင် ဟူ၍ အမျိုးမျိုးရှိသည့်အနက် လူ့လောကတွင် အမှန်တကယ်ရှိသည့် ဇာတ်ဆောင်မျိုးဖြစ်လျှင် ဇာတ်ဆောင် ဖန်တီးမှု အားကောင်းသည်ဟု ဆိုနိုင်ပါသည်။ ဇာတ်ဆောင်နှင့်ပတ်သက်၍ ဆရာအောင်သင်းက–

> "ဇာတ်ဆောင်ဆိုသည်မှာ အဘယ်နည်းဟုမေးလျှင် ဇာတ်လမ်းကို ဖြစ်ပေါ်စေသူများဟု ဆိုရပါမည်။ တစ်ဖန် ဇာတ်လမ်းဆိုသည်မှာ အဘယ်နည်းဟု ဆိုလျှင်လည်း ဇာတ်ဆောင်များ၏ အပြုအမူ ဖြစ်စဉ်ပေတည်းဟု ဆိုရမည်ဖြစ်ပါသည်"[၁]

ဟူ၍လည်းကောင်းဆရာတက်တိုးကလည်း–

> "အရေးအသား မည်မျှပင်ကောင်းစေကာမူလည်း လူ့သဘာဝ၊ လူ့စရိုက်တို့ကို သရုပ်မဆောင်လျှင်၊ သရုပ်ဆောင်ရာ၌ မအောင်မြင်လျှင် ထိုဝတ္ထုတိုမှာ စာပေအရာ၌ မြောက်သည်ဟု ဆိုနိုင်ဖို့ ခဲယဉ်းလှပေသည်"[၂]

ဟူ၍ ကောက်ချက်ချထားပါသည်။ ထို့အပြင် ဇာတ်ဆောင်ရွေးချယ်မှုနှင့် ပတ်သတ်၍ ဆရာ အောင်လင်းကလည်း–

> "လူ့လောကအလွှာ အသီးသီးက လူတွေရဲ့ နေမှုထိုင်မှု၊ လုပ်ရှားမှု ရုန်းကန်မှု၊ တွေးခေါ်မှု၊ ပေါင်းသင်းဆက်ဆံမှု စသည်တို့ကို လေ့လာ ရှာမှီးထားခြင်းဟာ ကျုပ်တို့ဝတ္ထုထဲက ဇာတ်ဆောင်တွေ ရုပ်လုံးဖော်ဖို့ အတွက် အရေးကြီးတဲ့ ဓာတ်သြဇာတွေပါပဲ"[၃]

ဟူ၍ ဆိုထားပါသည်။ ခင်ခင်ထူး၏ ဝတ္ထုတိုများတွင်တွေ့ရသော ဇာတ်ဆောင်များသည် ပြင်ပလူ့လောကတွင် အလွယ်တကူမြင်တွေ့နိုင်သော လူတန်းစားအသီးသီး၏ အဖြစ်အပျက်အစုံစုံ ဘဝအဖုံဖုံကို ကိုယ်စားပြု သရုပ်ဖော်ထားသည်။ အထူးသဖြင့် အခြေခံလူတန်းစား ကျေးလက်နေပြည်သူတို့၏ စိတ်နေသဘောထား ဆင်းရဲသား

---

[၁] အောင်သင်း၊ ၁၉၇၈၊ ၇၄။

[၂] တက်တိုး၊ ၂၀၀၂၊ ၁၁၉။

[၃] အောင်လင်း၊ ၁၉၇၂၊ ၇၉။

ပြည်သူတို့၏ လူနေမှုဘဝသရုပ်ကို ကိုယ်စားပြုသော ဇာတ်ဆောင်စရိုက်များဖြင့် စာဖတ်သူများ နှစ်သက်သဘောကျအောင် ဖန်တီး ရေးဖွဲ့ထားသည်ကို တွေ့ရှိရပါသည်။

ပုံတိုပတ်စ ဝတ္ထုတိုတွင် ၅၂၈ သွယ်သော မိဘမေတ္တာကို သရုပ်ဖော်ထားသည်။ မိဘတစ်ဦး၏ သားသမီးအပေါ်တွင် ထားရှိသော မေတ္တာတရားသည် ဆင်းရဲချမ်းသာမရွေး အတူတူပင်ဖြစ်သော်လည်း ဝတ္ထုထဲတွင်ရှိသော မိခင်သည် တစ်ခြားမိခင်များထက်ပိုကာ သားသမီးကို ဖြစ်စေချင်လွန်းအားကြီးသူအဖြစ် ဖန်တီးထားသည်။ သမီးဖြစ်သူက–

> "ကျွန်မ စာရေးဆရာဖြစ်ရခြင်းသည်ပင် အမေ့ကျေးဇူးက ခပ်များများ မဟုတ်လား၊ အနေဝေးနေပြန်တော့လည်း ကျေးတောသူအမေက စိတ်ကူးရတိုင်း စာတွေလှမ်းပို့နေကျ တစ်ခါတစ်ရံ ကျွန်မကို အားမရဟုဆိုကာ ဝတ္ထုလိုလို စီရေးပေးသည်များပင် ရှိသည့်အတွက် ကျွန်မမှာ ဝမ်းသာ ဝမ်းနည်း ဖြစ်ရပါသည်။"[၁]

ဟူ၍သမီးဖြစ်သူ၏ပြောစကားဖြင့် သားသမီး၏ဖြစ်ချင်သောဆန္ဒကို အကောင်အထည်ဖော်ကာ တွန်းအားပေးနေသော မိခင်တစ်ဦး၏စရိုက်ကို တွေ့ရသည်။ တစ်ခါတစ်ရံ သမီးဖြစ်သူ၏ ဝတ္ထုကိုဝေဖန်ကာ–

> "ညည်းဝတ္ထု ဖတ်လို့တော့ ကောင်းပါရဲ့၊ ဒါပေသိ လူလုံးမကြွဘူး အေရဲ့"[၂]

ဟူ၍ လည်းကောင်း၊

> "အမေပေးလိုက်တဲ့စာလေး ဝတ္ထုရေးဖြစ်ရဲ့လား"

> "ညည်းတို့စာရေးဆရာများ တည်ရတာနှင့် သင်ရဖျင်ရတာနဲ့ပြီးနေသာပဲ၊ ဝတ္ထုတစ်ပုဒ်ရေးရပါမယ့်အကြောင်း ချိန်ဆနေရသာနဲ့ လမ်းတင်ပျောက်ကရော"[၃]

ဟူ၍ မိမိပြောလိုက်သော စကားအတိုင်း မိမိရေးလိုက်သော အကြောင်းအရာတိုင်း ဝတ္ထု ဖြစ်စေချင်သော အမေ၏ဆန္ဒ၊ ဝတ္ထုဖြစ်မလာသောအခါ အားမလိုအားမရစိတ်

---

[၁] ခင်ခင်ထူး၊ ၂၀၀၉၊ ၂။

[၂] –ယင်း–၊ ၃။

[၃] ခင်ခင်ထူး၊ ၂၀၀၉၊ ၁၃။

နှင့် ကရုဏာ ဒေါသောဖြစ်နေသော အမေ၏စရိုက်မှာ မိဘမေတ္တာသရုပ်ကို ပေါ်လွင်စေသည်။

စာရေးသူတို့သည် ဇာတ်ဆောင်စရိုက်ကိုဖန်တီးရာတွင် ဇာတ်ဆောင်ကိုယ်တိုင်ပြောစကားဖြင့် သူ၏စရိုက်ကို ဖန်တီးလေ့ရှိသည်။ ဤဝတ္ထုတွင် အမေဖြစ်သူက သူကိုယ်တိုင် ပြောစကားဖြင့်

> "အမေလေးဟဲ့– တို့အိမ်ကမီးဖိုချောင်လည်း မြို့တော်သိန်းအောင်
> ဇာတ်ရုံဖြစ်နေပါပကောဟဲ့––များလိုက်တဲ့လူတွေနှယ် ငါ့မလည်း
> ရသေ့ ရှစ်သောင်း ဆွမ်းကပ်ရသလိုဖြစ်နေပြီ"[၁]

ဟူ၍ အိမ်တွင် အိမ်ရှင်လည်းများ ဧည့်သည်လည်းများ၍ လူများနေသည်ကို ဥပမာပေးကာ မိမိထမင်းချက်ရသည်ကိုပင် တစ်မျိုးဥပမာပေးထားသည်။ အမေသည် ခေတ်အခြေအနေကိုလည်း မျက်ခြေမပြတ်၊ လောကအကြောင်း ဓမ္မအကြောင်း၊ နှံ့စပ်သူအဖြစ် ဖန်တီးထားသည်။ စာရေးသူငယ်စဉ်က အမေ၏ပြောစကား ပုံခိုင်း ပြောသည့် အကြောင်းအရာများ၊ ပုံတိုပတ်စများကို အလေးအနက် မထားခဲ့သော်လည်း စာရေးဆရာဖြစ်လာသောအခါ ထို ပြောစကားများသည် မိမိအတွက် တန်ဖိုးကြီးမားလာခဲ့ကြောင်း

> "အခုတော့ အမေလှမ်းပို့တတ်သော စာတိုလေးတွေကို ကျွန်မ
> သိမ်းတတ်နေပြီ အမေ့ ပုံတိုပတ်စလေးတွေကို ခံယူတတ်နေပြီ
> အဝေးမှာဆိုတော့ အမေ့ပုံတိုပတ်စတွေကို လွမ်းနေမိပြီ"[၂]

ဟူ၍ ဖော်ပြထားသည်။

ထို့ကြောင့် ပုံတိုပတ်စဝတ္ထုတိုသည် လူ့လောကတွင် ဖြစ်တတ်သောမိဘနှင့် သားသမီး တို့၏ ဆက်ဆံရေးအခြေအနေကို ဖော်ပြကာ ဇာတ်ဆောင်စရိုက်ကို သရုပ်ဖော်ထားသည်။ မိဘမေတ္တာသရုပ်ကို ပေါ်လွင်စေသကဲ့သို့ စေတနာကို တန်ဖိုးထားတတ်လာသော သမီးဖြစ်သူ၏စရိုက်တို့မှာ မြန်၏မာလူမျိုးတို့ လူနေမှုဘဝကို ဖော်ပြနေသော ဘဝသရုပ်ဖော် အဖွဲ့အားကောင်းသော ဝတ္ထုတစ်ပုဒ်ဟု ဆိုနိုင်ပါသည်။

လှေအိမ်ကလေး ဝတ္ထုတိုတွင် စာရေးသူသည် အဓိကဇာတ်ဆောင်အဖြစ် အသက် ဆယ်နှစ်အရွယ် ဝန်းကျင်ရှိ မိဂျိုးကို ဖန်တီးထားသည်။ မိဂျိုးသည်

---

[၁] –ယင်း–၊ ၅။

[၂] –ယင်း–။

ချော်ဆိပ်မြစ်ကမ်းနားရှိ လှေအိမ်ပေါ်တွင်နေထိုင်ကာ မိသားစု၏စားအိုးကို ကူညီဖြေရှင်းပေးနေရသောသူ တစ်ဦးအဖြစ် ဖန်တီးထားသည်။ အလုပ်အကိုင်မှာ ထိုမြစ်ကမ်းအနီးတွင်နေထိုင်သော လူအမျိုးမျိုး၏ လိုအပ်တာမှန်သမျှကို ဝယ်ယူပေးရသောအလုပ်ဖြစ်သည်။ တစ်နည်းအားဖြင့် အဝယ်တော် ချာတိတ်ဖြစ်ကြောင်း စာရေးသူကိုယ်တိုင်ပြောရှုထောင့်ဖြင့် မိဂျိုးကို ပုံဖော်ထားသည်။ ထို့ပြင်

> "မိဂျိုးရေ--- အကြော်နှင့် ကောက်ညှင်းပေါင်း ဝယ်ပေးပါဦး၊ ကွမ်းယာ သုံးထုပ်ပါဆွဲခဲ့ဟေ့--ရော့။"[၁]

ဟူ၍လည်းကောင်း၊

> "မိဂျိုးရေ---ဟဲ့ကောင်မလေး ခေါ်နေတာကို၊ ရော့---ပုလင်းအဖြူလား--ဦး" "အေး-ငါးကြင်းအရေခွံကြော်လည်း ဝယ်ခဲ့၊ ပိုတာလည်း ညည်း ယူလိုက်"[၂]

ဟူ၍လည်းကောင်း၊ အခြားဇာတ်ဆောင်များ၏ ပြောစကားဖြင့် မိဂျိုး၏အဝယ်တော်အလုပ်ကို ပေါ်လွင်စေသည့်အပြင် ခိုင်းသည့်လူ၏ အခြေအနေပေါ်မူတည်၍ သွားလာလှုပ်ရှားနေသော မိဂျိုး၏အမူအရာ၊ အလုပ်အပေါ်စိတ်ဝင်စားသော လျင်မြန်ဖျတ်လတ်သော မိဂျိုး၏စရိုက်ကို တွေ့ရသည်။ ထို့နောက် တစ်ရာတစ်ရာနဲ့မှ နှစ်ဆယ်သည် ငါးကျပ်နဲ့ဆို တစ်ရာနဲ့မှအစိတ်ဟူ၍ အတန်းပညာ မတတ်သော်လည်း ငွေစက္ကူအမျိုးအစားကို သိ၍ အပေါင်းအနုတ်ကို စျေးသည်ထက် လျင်မြန်အောင် ပေါင်းတတ်နုတ်သော အဝယ်တော်အလုပ်နှင့်ကိုက်ညီစွာ လည်လည်ဝယ်ဝယ် ဇာတ်ဆောင်အဖြစ် ဖန်တီးထားသည်။ အဝယ်တော်အလုပ် မရှိလျှင်-

> "ခိုင်းမည့်သူ မပေါ်သေးရင်တော့ တာရိုးခြေက ညောင်ကြတ်ပင်ကြီး အောက်မှာ အဖော်တွေနှင့် မိဂျိုး ကစားနေတတ်တယ်။"[၃]

ဟူ၍ ကလေးသဘာဝ ဆော့ကစားတတ်သူဖြစ်ကြောင်း ဖော်ပြထားသည်။ သို့သော်လည်း မိခင်အား တစ်နေ့တာ ဆန်ဖိုးပေးရန် ဆန်ဖိုးမပြည့်လျှင် ခိုင်းမည့်သူကို မျှော်နေတတ်သော၊ စိုးရိမ်စိတ်ကြီးမားနေသော မိဂျိုး၏စရိုက်ကို-

> "ငါ- ပိုက်ဆံမပြည့်သေးဘူး အေးမိစံရယ် နင်က ပေးခဲ့ပြီလား"[4]

---

[၁] ခင်ခင်ထူး၊ ၂၀၀၉၊ ၅။

[၂] -ယင်း-။

[၃] -ယင်း-၊ ၁၄၃။

[4] ခင်ခင်ထူး၊ ၂၀၀၉၊ ၁၄၃။

ဟူသောပြောစကားဖြင့် ဖော်ပြထားသည်။ ထို့ပြင်–

> "လှေအိမ်ကလေးထဲကနေ အမေမျှော်လှရောပေါ့၊ အမေ့ခများ ကလေးတွေ ထိန်းရ၊ လှေထဲစိမ့်ဝင်လာတဲ့ ရေတွေပက်ထုတ်ရနှင့် ဆာလည်း ဆာရှာ ရောပေါ့"[၁]

ဟူသော မိဂျိုး၏ပြောစကားကိုကြည့်လျှင် အရွယ်နှင့်မမျှ အမေ့အပေါ်သိတတ်သော မိသားစု၏ ဘဝပြဿနာကို ကူညီဖြေရှင်းပေးသော၊ မိသားစုအပေါ်ပူပင်တတ်သော၊ သားသမီးတစ်ဦး၏ စရိုက်မှာ မြန်မာမှုနယ်ပယ်တွင်တွေ့ရသော မြန်မာ့ဓလေ့၊ မြန်မာ့ယဉ်ကျေးမှုနှင့်ကိုက်ညီသော အမျိုးကောင်းသမီးလိမ္မာလေးတစ်ဦး၏ စရိုက်ကိုတွေ့ရသည်။ ထို့ပြင် ကလေးများဖြစ်သော်လည်း တစ်ဦးနှင့်တစ်ဦး ကူညီရိုင်းပင်းတတ်ပုံကို–

> "နင့်နယ်ဟာ– ပိုက်ဆံပိုတာများ မိဂျိုးကိုချေးရောပေါ့၊ ဒီမှာ– သူ ပိုက်ဆံ မပြည့်သေးလို့"[၂]

ဟူ၍ လည်းကောင်း၊

> "ရော့– တစ်ရာ၊ သွား သွား နင့်အမေကို အမြန်ပေးချေဟာ ကစား ချင်လှပြီ"[၃]

ဟူ၍လည်းကောင်း၊ ကလေးငယ်တို့၏ တစ်ဦးကိုတစ်ဦး ကူညီရိုင်းပင်းတတ်သော စရိုက်၊ မိသားစု၏ ဘဝပြဿနာကို ကူညီဖြေရှင်းပေးတတ်သော စရိုက်၊ ကလေး သဘာဝ အချိန်အားလျှင် ကစားချင်သောစရိုက်တို့ကို ဇတ်လမ်းနှင့် အံဝင်ခွင်ကျ ဖြစ်အောင် ဖန်တီးထားသည်။ ထို့ပြင် ဘာကိစ္စဟု မယ်မယ်ရရမသိဘဲ သင်္ဘောပိုင်ရှင် ဦးဗလက မိမိရောက်ရှိကြောင်း ဒေါ်ရုပ်ဆိုးကြီးထံ သွားပြောပေးရုံဖြင့် မုန့်ဖိုးပေး လိုက်သော ငွေတစ်ထောင်ကို မျက်လုံးပြူးသွားမတတ်ကြည့်ရင်း မိဂျိုး၏ လှုပ်ရှားမှု အမူအရာမှာ အခြေခံလူတန်းစားတို့အတွက် ငွေတစ်ထောင်၏ တန်ဖိုးကြီးမားပုံ၊ ခိုင်းသည့်တာဝန်ကို ကျေပွန်စွာဆောင်ရွက်ပုံ ရရှိလာသောငွေတစ်ထောင်ဖြင့် မိမိတို့၏ ယိုစိမ့်နေသော လှေအိမ်ကလေးကိုဖာထေးရန် ဆန္ဒပြင်းပျနေသော မိဂျိုး၏စရိုက်မှာ အတုယူစရာ ဖြစ်သည်။ ပညာသင်ချိန်တွင် ပညာမသင်ရဘဲ မိသားစုအတွက်

---

[၁] –ယင်း–။

[၂] –ယင်း–၊ ၁၄၄။

[၃] –ယင်း–၊ ၁၄၅။

ရုန်းကန်နေရသော ကလေးများ၏ လူနေမှုဘဝကို စာဖတ် သူများအား မီးမောင်း ထိုးပြထားသည်။

ထို့ကြောင့် လေ့အိမ်ကလေးဝတ္ထုတိုသည် အခြေခံလူတန်းစားတို့၏ လူနေမှု ဘဝကိုဖော်ကာ ကလေးငယ်ပင်ဖြစ်သော်လည်း မိသားစု၏ ဘဝပြဿနာကို ကူညီ ပေးနေရသောသူအဖြစ် အဓိကဇာတ်ဆောင် မိဂျိုး၏စရိုက်ကို ဖန်တီးထားသည်။ မိဂျိုးကဲ့သို့ပင် ဘဝတူ ရုန်းကန်လှုပ်ရှားနေရသောသူများအဖြစ် မိဂျိုး၏သူငယ်ချင်း များကို ဖော်ပြထားသည်။

ဥပါဒါန်ဝတ္ထုတွင် အဓိကဇာတ်ဆောင်မှာ မအေးရှင်ဖြစ်သည်။ မအေးရှင်၏ စရိုက်ကို ပေါ်လွင်အောင်ပံ့ပိုးပေးသူမှာ ခင်ပွန်း ကိုကံမောင်၊ ယောက္ခမဒေါ်စံထီး၊ မအေးရှင်၏ အမေနှင့် ဓာတ်ဆရာကြီးဆရာသောင် တို့ဖြစ်သည်။ ထို့ပြင် အိမ်နီးချင်း မလှကြည် မမြသောင်နှင့် မအေးရှင်၏ မောင်နှမများကို ဖော်ပြထားသော်လည်း ဝတ္ထုဇာတ်လမ်းတွင် ပါဝင်ခြင်းမရှိပေ။ မအေးရှင်၏စရိုက်ကို ဖော်ပြရာတွင်–

> "ကိုကံမောင်ရေ– ကဆုန်လပြည့်ရက်တောင် နီးပါပကော သည်နှစ် ကျုပ်တို့ ရွာပြန်ရဦးမယ်တော်။ ကျုပ်တို့မလဲ စိုပင် စိုသော်လည်း မလန်းစိုတာလိုပဲ တစ်နှစ်တစ်နှစ် စားဖို့တောင် အနိုင်နိုင်ပေမယ့် နတ်များတော့ မနေဝံ့ပေါင်တော်"[၁]

ဟူ၍ နတ်ကို ရိုးရာဓလေ့မပျက်၊ ယုံကြည်ကိုးကွယ်သော အစွဲအလန်းကြီးသောစရိုက် ကို တွေ့ရသည်။ ညောင်မုတ်ဆိတ်ရွာသား ကိုကံမောင်နှင့် အကြောင်းပါသော်လည်း တစ်နှစ် တစ်ခါ မိမိရွာသို့ ပြန်ဖြစ်အောင်ပြန်ခဲ့သည်။ ပြန်ရသည့်အကြောင်းအရင်း လည်း ရှိကြောင်းကို–

> "တစ်နှစ် နှစ်ခေါက်မျက်နှာပြ၊ နတ်ကိုးမရောက်လျှင် တစ်ကိုယ်လုံး အဖိန်ဖိန်ထကာ မတ်တတ်က လဲဖို့သာပြင်တော့ဆိုသည့် စကားက လည်း ရှိသည်ကို"[၂]

ဟူ၍ ဇာတ်ဆောင်ကိုယ်တိုင် ပြောစကားဖြင့် ဇာတိရပ်ရွာကို ချစ်ခင်သောစိတ်၊ နတ်ကိုး ကွယ်မှုကိုယုံကြည်သော ကျေးတောသူကျေးတောသားတို့၏ အစွဲလမ်းကြီး

---

[၁] ခင်ခင်ထူး၊ ၂၀၀၉၊ ၁၈၂။

[၂] –ယင်း–။

သော စရိုက်ကို တွေ့ရသည်။ ထို့ပြင် ဇနီးမယားတစ်ယောက်၏ လင်သားအပေါ် တွင် ထားရှိသောစရိုက်ကိုလည်း–

"နွားရေပြည့်အောင်ခပ်ထည့်၊ တစ်ပတ်ဆယ်ရက်စာ၊ ငရုတ်သီးနှင့် ငါးပိကလေး ဒလိမ့်ထိုးကြော်၊ ပဲနီပွ ရေစိမ်ကြော်၊ ကိုကံမောင် ဝန်ပေါ့အောင် အိမ်ကကြက်တွေ တချို့ရောင်း"[၁]

ဟူ၍ ဖော်ပြထားသည်။ ဒိုးတူဘောင်ဖက်လုပ်ကိုင်စားသောက်၍ မိန်းမအလုပ် ယောကျ်ား အလုပ်မခွဲဘဲ လုပ်ကိုင်စားသောက်နေထိုင်ကြသော မိန်းမသားတစ်ဦး၏ လင်သားအပေါ် တွင် ထားရှိသောစရိုက်ကို တွေ့ရသည်။ ထို့ပြင်–

"အမေတို့ကို ကန်တော့ဖို့ ကြက်သွန်သုံးတောင်းလောက် အိတ်ထဲ သွတ်ရဦးမယ်၊ ကြက်သွန်ဖြူ ဗမာဖြူကလေးလည်း လေးပြည် သား၊ ငါးပြည်သားလောက်ယူသွားမှ မျက်နှာလှမည်။ ကိုယ့်ရွာ ကထွက်သည့် ကြက်သွန်ကလေး အိတ်လုံးချကန်တော့တော့ အမေလက်ဆောင်ပြန်မည့် ငရုတ်သီးခြောက်ကလေး၊ ထန်းလျက် ကလေး၊ ယူလို့ကောင်းတာပေါ့၊ ဩော်–––မေ့နေလိုက်တာ အစ်ကို ပဥ္စင်းဖို့ ကုန်းဆေးကလေးကလည်း ပါပါဦးမှ။ ကလေးနှစ်ယောက် အတွက် တစ်ရွာမှာ လတ်လတ် လောလောဝတ်ဖို့ စက်ဆိုင်အပ် ထားသည့် အထည်ကလေးတွေ ရပြီလား၊ မေးရတာလည်း ခဏ ခဏ"[၂]

ဟူသော မအေးရှင်၏ အတွေးစကားအရ မြန်မာလူမျိုးတို့၏ မိဘကို ရိုသေသောစိတ်။ ညီအစ်ကိုမောင်နှမကို ချစ်ခင်သောစိတ်၊ သားသမီးအပေါ်တွင်ထားရှိသော မိဘမေတ္တာ စိတ်တို့ကိုလည်း တွေ့ရသည်။ ကျေးလက်လူနေမှုဘဝကို သရုပ်ဖော်၍ မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ဓလေ့ ထုံးတမ်းအစဉ်အလာတို့ကိုလည်း ဇာတ်ဆောင်များတွင် ဖန်တီးရေးဖွဲ့ထားသည်။ ယောက္ခမဖြစ်သူ ဒေါ်စံထီ၏ စရိုက်ကိုလည်း–

"သားတစ်ယောက်၊ သမီးတစ်ယောက် မွေးထားသာပေသိ သမီး ရင်းနှစ်ယောက် မွေးထားရသလိုပါပဲ၊ ငါ့သား ကံမောင်ကတော့

---

[၁] ခင်ခင်ထူး၊ ၂၀၀၉၊ ၁၀၈။

[၂] –ယင်း–၊ ၁၈၅။

ဘာသိဘာသာနေတတ်သေး၊ အေးရှင်က အမှန်းသိတတ်ရှာ
တယ်––– သားကဖက်တော့ သမီးပေါ့အေ"[၁]

ဟူ၍ ချွေးမအပေါ်ထားရှိသော စိတ်မှာ တစ်ဦးမေတ္တာ တစ်ဦးဆိုသကဲ့သို့ သမီးရင်းနှင့် မခြား သားသမီးချင်း ကိုယ်ချင်းစာနာတတ်သောစရိုက်ကို တွေ့ရသည်။ စာရေးသူသည် ယောက္ခမဖြစ်သူ၏စရိုက်ကို အနည်းအကျဉ်းသာဖော်ပြပြီး ယောက္ခမဖြစ်သူ၏ ပြောစကားဖြင့် အဓိကဇာတ်ဆောင် အေးရှင်၏စရိုက်ကို ပိုမိုအားကောင်းလာအောင် ပံ့ပိုးပေးထားသည်။ ခင်ပွန်းဖြစ်သူ ကိုကံမောင်၏စရိုက်ကို ဖော်ပြရာတွင်လည်း အေးအေးဆေးဆေးနေတတ်သော သားတစ်ယောက် ဖြစ်သော်လည်း မိခင်နေထိုင်မကောင်းဖြစ်သောအခါ–

"အမေမူးလဲလို့ဟ၊ ငါ တောင်ပိုင်းပြေးလိုက်ဦးမယ် နွားတွေသာ
ကြည့်ကျွေးထားလိုက်––– ရော့"[၂]

ဟူ၍လည်းကောင်း၊ ပျာပျာသလဲဖြစ်ကာ မိခင်အပေါ် ဂရုစိုက်သူအဖြစ်လည်းကောင်း၊ ဇနီး ဖြစ်သူ နေထိုင်မကောင်းဖြစ်သောအခါတွင်လည်း–

"အမေ့ကို ပြုစုရင်းပန်းသွားတယ်ထင်ပါရဲ့"[၃]

"နတ်များကိုင်ရော့သလား ဆရာကြီးရယ်၊ ပြီးခဲ့တဲ့ရက်က သူတို့
ရွာတော်ရှင်နတ်ပွဲ မပြန်လိုက်ရဘူး"[၄]

ဟူ၍ စိုးရိမ်ပူပန်သောစိတ်၊ ဇနီးမယားအပေါ်တွင် ကြင်နာသနားတတ်သော စရိုက်ရှိကြောင်း တွေ့ရှိရသည်။ မအေးရှင်၏ အမေဖြစ်သူစရိုက်ကို မိဘတိုင်းတွင်ရှိသော သားသမီးအပေါ် ချစ်ခင်တွယ်တာသော စရိုက်အဖြစ်လည်းကောင်း၊ ဇာတ်ဆရာကြီး ဆရာသောင်း၏စရိုက်ကို လည်း ဆေးထက် ဓာတ်စာနှင့်လူနာ၏ အရိပ်အခြေကို ကြည့်ကာ ကုတတ်သော ဆေးဆရာကြီး အဖြစ်လည်းကောင်း ဖန်တီးထားသည်။

ဤသို့ဖြင့် "ဥပါဒါန်"ဝတ္ထုတိုတွင် အညာကျေးလက်ဒေသကို နောက်ခံပြုကာ အစွဲလမ်းကြီး၍ ဥပါဒါန်ကြောင့် ဥပါဒ်ရောက်ခဲ့ရသော ကျေးလက်နေပြည်သူတို့၏ စရိုက်ကို ဖော်ပြထားသည်။ အခြားဇာတ်ဆောင်များကိုလည်း သူ့နေရာနှင့်သူ အကွက်

---

[၁] –ယင်း–၊ ၁၈၇။
[၂] ခင်ခင်ထူး၊ ၂၀၀၉၊ ၁၈၆
[၃] –ယင်း–၊ ၁၉၇။
[၄] –ယင်း–။

ကျကျ ဖန်တီးကာ ဇာတ်ဆောင်စရိုက်အားကောင်းသော ဝတ္ထုတစ်ပုဒ်ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

**၃၊ ၄။ နောက်ခံဝန်းကျင် ဖန်တီးမှု**

ဝတ္ထုတစ်ပုဒ် ဖန်တီးရေးဖွဲ့ရာ၌ ဇာတ်ဆောင်တို့ တည်ရှိဖြစ်ပျက် လှုပ်ရှားမှုပြုရာနေရာဒေသနှင့် အချိန်ကာလကို "ကာလဒေသနောက်ခံ" ဟု သတ်မှတ်ကြသည်။ ဝတ္ထုတိုတွင် ဇာတ်လမ်း ဖွံ့ဖြိုးရန်နှင့် ဇာတ်ဆောင်စရိုက် ပေါ်လွင်စေရန် ကာလဒေသနောက်ခံဟုခေါ်သော နောက်ခံ ဝန်းကျင်သည် အဓိကကျပါသည်။ နောက်ခံဝန်းကျင်နှင့် ပတ်သက်၍ ဆရာသိန်းဖေမြင့်က နောက်ခံဝန်းကျင်၏ အရေးပါပုံကို–

> "ဇာတ်လမ်းနှင့်ဇာတ်အိမ်တည်ရန် ရေခံမြေခံလိုသည်။ ရေခံမြေခံကိုမှီ၍သာ အဆင်ပြေသော ဇာတ်လမ်းဇာတ်အိမ် တည်ဆောက်နိုင်သည်။ ထိုရေခံမြေခံသည်ကား လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေးစသော လောက၏အရေးအရာ များကို ထင်ဟပ်ဖော်ပြသော ဝတ္ထုတည်ရာ မြေခံဖြစ်သည်။"[၁]

ဟုဆိုထားပါသည်။

ထို့ကြောင့် ဝတ္ထုတိုတွင် ဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံဝန်းကျင်နှင့် ပြောစကား များသည် တစ်ခုကိုတစ်ခု အထောက်အကူပြုကာ ဝတ္ထုတိုကောင်းတစ်ပုဒ်ဖြစ်လာမည် ဖြစ်ပေသည်။

"ပုံတိုပတ်စ" ဝတ္ထုတိုသည် (၂၀၀၇) ခုနှစ် အောက်တိုဘာလတွင် ကလျာမဂ္ဂဇင်း၌ ရေးသားခဲ့သော ဝတ္ထုတိုတစ်ပုဒ်ဖြစ်သည်။ မန္တလေးမြို့ကို ဒေသနောက်ခံအဖြစ်ထားကာ ရေးဖွဲ့ထားသည်။

"လှေအိမ်ကလေး" ဝတ္ထုတိုသည် ဝတ္ထုတိုဖြစ်တည်ရာဒေသမှာ မန္တလေးမြို့ ဂေါဝန်ဆိပ်၏အောက်နား သံလျက်မော်ဟုခေါ်သော ချော်ဆိပ်မြစ်ကမ်း၊ ဧရာဝတီမြစ်ပေါ်ရှိ လှေအိမ်ကလေးများပေါ်တွင် နေထိုင်ကာ ဘဝကို ရုန်းကန်နေကြသော မိသားစုများ၏ အခြေအနေကို နောက်ခံပြု၍ရေးဖွဲ့ထားသည်။ အသက်(၁၀)နှစ်အရွယ် မိဂျိုးကို ဇာတ်ဆောင် အဖြစ်ထားကာ မိဂျိုးကဲ့သို့ ဘဝကို ရုန်းကန်လှုပ်ရှားနေရသူများ အဖြစ် မိဂျိုး၏သူငယ်ချင်းများကို ဖော်ပြထားသည်။ စာမတတ်သော်လည်း ရိုးသားဖြူစင်စွာ အလုပ်လုပ်ပြီး ဘဝကိုရုန်းကန်သည်။ ကလေးပင်ဖြစ်သော်လည်း မိသားစု အားထားရသူတစ်ဦး ဖြစ်သည်။ မိဂျိုး၏ သူငယ်ချင်းများ သည်လည်း မိဂျိုးကဲ့သို့ပင်

---

[၁] သိန်းဖေမြင့်၊ ၁၉၆၈၊ ၁၈၃။

ရိုးသားဖြူစင်စွာ အလုပ်လုပ်၍ ဘဝကိုဖြတ်သန်းကြသည်။ ဆင်းရဲသော်လည်း အချင်းချင်း ကူညီရိုင်းပင်းသည့် စိတ်ဓာတ်ရှိသည်။ လှေအိမ်လေးများပေါ်တွင် နေထိုင်၍ မြစ်ကမ်းနားတွင် ရရာအလုပ်ကိုလုပ်ကာ ကျင်လည်လှုပ်ရှားနေကြသော အောက်ခြေလူတန်းစား အများစု၏လူနေမှုပတ်ဝန်းကျင်ကို နောက်ခံအဖြစ်တွေ့ရသည်။ စာရေးသူသည် လူ့လောကဝန်းကျင်၌ မိဂျိုးနှင့် သူငယ်ချင်းများကဲ့သို့ ပညာသင်ချိန်တွင် ပညာသင်ခွင့်မရဘဲ မိသားစုအတွက် ဘဝကို ရုန်းကန်နေရသော ကလေးသူငယ်များရှိကြောင်း စာဖတ်သူများကို မီးမောင်းထိုးပြသည်။ နောက်ခံအဖွဲ့ အားကောင်း၍ မိဂျိုး၏ဘဝသရုပ် ပိုမို ပီပြင်လာသည်။

"ဥပါဒါန်" ဝတ္ထုတိုတွင် အဓိကဇာတ်ဆောင်အဖြစ် အညာကျေးတောသူ မအေးရှင်အား ဖန်တီးထားသည်။ နေရာဒေသနောက်ခံကို ဧရာဝတီမြစ်အနောက်ဘက်ကမ်း ညောင်မုတ်ဆိတ်ရွာနှင့် မအေးရှင်၏ဇာတိ ဧရာဝတီမြစ် အရှေ့ဘက်ကမ်း ပန်းညိုရွာဟုသာ ဖော်ပြထားသည်။ ပန်းညိုရွာနှင့် ညောင်မုတ်ဆိတ်ရွာသည် လှေတစ်တန် ကုန်းတစ်တန် တစ်နေကုန်သွားရသည့် ခရီးဖြစ်၍ အကြောင်းကိစ္စ အရေးမကြီးလျှင် ဇာတိရွာသို့မပြန်ဖြစ်ပေ။ သို့သော် နတ်ပွဲရက်ရောက်လျှင် မဖြစ်ဖြစ်အောင်သွားသည်ကို ကြည့်ခြင်းအားဖြင့် မအေးရှင်သည် နတ်ကိုးကွယ် ယုံကြည်မှု အစွဲလန်းကြီးသူဖြစ်ကြောင်း တွေ့ရှိရသည်။ ထို့ပြင် မိမိကိုယ်တိုင် နတ်ကိုယုံကြည်ကိုးကွယ်သကဲ့သို့–

> "ရွာက ခဏခွာကြသူတွေကလည်း ဘယ်ကိစ္စဘယ်လောက် အရေးကြီးကြီး နတ်ပွဲရက် ရောက်ပြီဆိုသည်နှင့် ကိုယ့်ရွာကိုယ့် ဇာတိကို အပြေးပြန်လာတတ်ကြောင်း "[၁]

ဟူ၍လည်းကောင်း၊

> "ရွာကိုစောင့်ရှောက်သော ရွာတော်ရှင်နတ်ကလည်း ရွာကလေးမှာ မွေးဖွားသူမှန်သမျှ ဘယ်ကိုရောက်နေနေ သားစဉ်မြေးဆက်တစ်သက်လုံး စောင့်ရှောက်နေသည်လို့ ယုံကြည်ကြတော့ သူ့အခါ သူ့ရက် ရေစင်ဖိုးကလေးမှ မဆက်သလျှင် ရိုးရာကိုင်တတ်သည်ဆိုသည့် အစွဲကလည်း ကြီးကြသူတွေဖြစ်၏ "[၂]

---

[၁] ခင်ခင်ထူး၊၂၀၀၉၊ ၁၉၄။
[၂] –ယင်း–၊ ၁၉၅။

ဟူ၍လည်းကောင်း ရွာသူရွာသားအားလုံး နတ်ကိုးကွယ် ယုံကြည်ကြကြောင်း ဖော်ပြထားသည်။ အချို့ အညာကျေးလက်ဒေသများတွင် နတ်ကို ယုံကြည်ကိုးကွယ်မှုများ ယနေ့ ထက်တိုင်ရှိနေသည်ကို တွေ့ရှိရသည်။ ထို့အပြင် မိသားစုစည်းလုံးကာ တစ်ဦးနှင့်တစ်ဦး ချစ်ခင်ရိုသေကြကြောင်း၊ ရပ်ရွာဓလေ့ကိုး အစဉ်အလာမပျက် ဆောင်ရွက်ပြီး ယုံကြည်ကိုးကွယ်ကြကြောင်း၊ ကျေးလက် စီးပွားရေးဖြစ်သော စပါး၊ ပဲ၊ ပြောင်း၊ ငရုတ်၊ နှမ်း စသည့် စီးပွားရေးကို လုပ်ကိုင်ကာ နေထိုင် စားသောက်ကြသော ကျေးလက် လူနေမှုဓလေ့ကိုလည်း နောက်ခံအဖြစ် တွေ့ရှိရသည်။

ခင်ခင်ထူး၏ ဝတ္ထုတိုများသည် လူ့လောက ပတ်ဝန်းကျင်တွင် ကြုံတွေ့နေရသော အဖြစ်အပျက်များ၊ လူနေမှုဘဝသရုပ်များ၊ လူတန်းစားအသီးသီးတို့၏ ရုန်းကန်လှုပ်ရှားရပုံများကို သတိပြုဖွယ် ဖော်ပြထားသည်။

## ခြုံငုံသုံးသပ်ချက်

ဤစာတမ်းတွင် ဆရာမခင်ခင်ထူး၏ "လှည်းယဉ်ကြော့" ဝတ္ထုတိုများမှ ဝတ္ထုတို (၃)ပုဒ်ကို လေ့လာ တင်ပြထားပါသည်။ ထိုဝတ္ထုတိုများထဲတွင် စာရေးသူသည် မိမိပတ်ဝန်းကျင်တွင် တွေ့ကြုံခဲ့ရသည့် အဖြစ်အပျက်များကို စိတ်ကူးခံစားချက် အတွေးဆန်းသစ်မှု၊ အရေးအသား ပိုင်နိုင်ကောင်းမွန်မှုတို့ဖြင့် ပြည်သူတို့၏ဘဝကို သရုပ်ဖော်ပြထားသည်။ လူနေမှု ပတ်ဝန်းကျင်တွင် ဖြစ်လေ့ဖြစ်ထရှိသော ဖြစ်ရပ်များကို စိတ်ကူးအတွေးနှင့် ပုံဖော်ကာ ရသမြောက်အောင် ရေးဖွဲ့ထားသဖြင့် စာဖတ်သူအား ဆွဲဆောင်မှု အားကောင်းစေသော ဝတ္ထုတိုများဖြစ်ပါသည်။

ပုံတိုပတ်စဝတ္ထုတွင် ကိုယ်တိုင်ပြောရှုထောင့်ဖြင့် ရေးဖွဲ့ထားသည်။ အမေဖြစ်သူ၏ ပြောစကားကို သူ၏ ဘဝအတွေ့အကြုံများ၊ လောကအကြောင်း၊ ဓမ္မအကြောင်း ဆင်ခြင် သုံးသပ်နိုင်စွမ်းရှိသူအဖြစ် ဖန်တီးထားသည်။ အမေသည် အတန်းပညာ မပြည့်စုံရှာသော်လည်း လူ့အကြောင်း လူ့အထာများကို ကောင်းကောင်းသိကြောင်း ဝတ္ထုတိုသဘောတရားကို အမေနားမလည်နိုင်သော်လည်း အမေကိုယ်တိုင် စီကာပတ်ကုံးပြောသမျှ ဝတ္ထုဖြစ်နေတတ်သည်ဟူ၍ သမီးဖြစ်သူ၏ ပြောစကားဖြင့် အမေဖြစ်သူကို ပုံဖော်ထားသည်။ အမေ၏ စေတနာမှန်ကို သိလာသော သမီးဖြစ်သူ

၏ နားလည်မှုကို ကိုယ်တိုင်ပြောရှုထောင့်ပုံစံဖြင့် ဇာတ်ဆောင် အသားပေးကာ ရေးဖွဲ့ထားသော ဝတ္ထုတိုတစ်ပုဒ်ဖြစ်သည်။ မိဘမေတ္တာကို ပေါ်လွင်စေသော ဝတ္ထုတိုတစ်ပုဒ်ဖြစ်သည်။

"လှေအိမ်ကလေး" ဝတ္ထုတိုၝ ဧရာဝတီမြစ်ပေါ်ရှိ မန္တလေးဂေါဝိန်ဆိပ်၏ အောက်နား သံလျက်မော်ဟုခေါ်သော ချော်ဆိပ်မြစ်ကမ်းနားတွင် လှေအိမ်ပေါ်၌ နေထိုင်ကြသော မိသားစုများ၏ ဘဝပြဿနာများကို ဖော်ပြထားသည်။ ထိုလှေအိမ်ပေါ်တွင် နေထိုင်သော ဆယ်နှစ်အရွယ်ရှိ မိဂျိုးကို ဇာတ်ဆောင်အဖြစ် ထားကာ မိဂျိုး၏သူငယ်ချင်းကလေးများကိုလည်း ဘဝတူ ရုန်းကန် လှုပ်ရှားနေရသူများအဖြစ် ဖန်တီးထားသည်။ ကလေးများဖြစ်သော်လည်း ကျောင်းမနေရဘဲ မိဘ၏စားအိုးကို တစ်ဖက်တစ်လမ်းမှ ကူညီထောက်ပံ့ကာ ဘဝကို ရုန်းကန်လှုပ်ရှား နေရသူများအဖြစ် ဖန်တီးထားသည်။ အခြေခံလူတန်းစားတို့၏ လူနေမှုသရုပ်ကို ဖော်ပြထားသော ဝတ္ထုတိုတစ်ပုဒ်ဖြစ်သည်။

"ဥပါဒါန်"ဝတ္ထုတိုတွင် အညာကျေးလက် လူနေမှုဘဝကို နောက်ခံကာ နတ်ကိုးကွယ်ယုံကြည်မှုကို အစွဲလန်းကြီးသူအဖြစ် ပုံဖော်ဖန်တီးထားသည်။ မအေးရှင်သည် ယခင်နှစ်များကဲ့သို့ နတ်ပွဲပြန်ရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားသော်လည်း ယောက္ခမနေမကောင်းဖြစ်၍ မပြန်ဖြစ်လိုက်ရဘဲ စိတ်ပမ်း လူပမ်းဖြစ်ကာ အိပ်ယာထဲ လဲခဲ့ရသည်။ ဤသည်ကိုပင် နတ်ကိုင်သည်ဟု ထင်နေသော ခင်ပွန်းကိုကံမောင်နှင့် အစွဲအလမ်းကြီး၍ ဥပါဒါန်ကြောင့် ဥပါဒ်ရောက်တတ်သည့်သဘောကို သတိပြုဆင်ခြင်ဖွယ် ဖော်ပြထားသည်။ အညာကျေးလက်ပြည်သူတို့၏ နတ်ကိုးကွယ်ယုံကြည်မှုဓလေ့ လူနေမှုဘဝကို သရုပ်ဖော်ပြထားသော ဝတ္ထုတိုကောင်းတစ်ပုဒ်ဖြစ်သည်။

ထို့ကြောင့် ခင်ခင်ထူး၏ဝတ္ထုတိုများကို လေ့လာသုံးသပ်ရာတွင် ဦးတည်ချက်ကောင်းမှု၊ ဇာတ်လမ်းဇာတ်အိမ် ခိုင်မာမှု၊ စရိုက်သရုပ်ဖော်အား ကောင်းမှု၊ လူမှုပတ်ဝန်းကျင်တွင် အမှန်တကယ်ဖြစ်ပျက်နေသော အဖြစ်အပျက်များကို သရုပ်ဖော်ကာ အရေးအဖွဲ့ ခိုင်မာမှုတို့ကြောင့် ဘဝသရုပ်ဖော်အားကောင်းသော ဝတ္ထုတိုများဖြစ်သည်ဟု လေ့လာ သုံးသပ်မိပါသည်။

## နိဂုံး

ခင်ခင်ထူး၏ လှည်းယဉ်ကြော့ဝတ္ထုတိုများထဲမှ မိဘမေတ္တာဘွဲ့ သရုပ်ဖော်ဝတ္ထု၊ အခြေခံလူတန်းစားတို့၏ ဘဝသရုပ်ကိုဖော်ပြသောဝတ္ထုတို၊ ကျေးလက်နေပြည်သူတို့၏ ဘဝသရုပ်ကို ဖော်ပြသောဝတ္ထုတိုများကို လေ့လာထားခြင်းဖြစ်ပါသည်။ ထိုဘဝသရုပ်ဖော် ဝတ္ထုတိုများသည် စာဖတ်သူများအား ရသပေးစွမ်းနိုင်သည့်အပြင် အတုယူအားကျစရာ၊ သတိပြုဆင်ခြင်စရာ ဘဝသင်ခန်းစာများကိုလည်း ရရှိစေပါသည်။ စာရေးသူ ခင်ခင်ထူးသည် ဘဝသရုပ်ဖော် ဝတ္ထုတိုများကို ပီပီပြင်ပြင် ရေးဖွဲ့နိုင်သောကြောင့် ယနေ့စာပေလောကတွင် ခိုင်ခိုင်မာမာ ရပ်တည်နေသူဟုလည်း ဆိုနိုင်ပါသည်။

## ကျမ်းကိုးစာရင်း


ခင်ခင်ထူး။ (၂၀၀၉)။ ***လှည်းယဉ်ကြော့ဝတ္ထုတိုများ***။ ရန်ကုန်၊ ရှုဝံပုံနှိပ်တိုက်။

တက်တိုး။ (၂၀၀၂)။ ***ကမ္ဘာကျော်ဝတ္ထုတိုများနှင့်တက်တိုး၏ရှင်းပြချက်***။ ရန်ကုန်၊ အင်းကြင်းဦး ပုံနှိပ်တိုက်။

ထင်၊မောင်။ (၁၉၇၉)။ ***ဝတ္ထုတိုစာတမ်းများ (ပထမတွဲ)***။ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

နတ်နွယ်။ (၁၉၇၉)။ ***ဝတ္ထုတစ်ပုဒ်ဖြစ်မြောက်ခြင်း***။ ရန်ကုန်၊ စာပေလောကစာအုပ်တိုက်။

မြန်မာစာအဖွဲ့ဦးစီးဌာန။ (၁၉၈၀)။ ***မြန်မာအဘိဓာန်အကျဉ်းချုပ်***။ အတွဲ−၅။ ရန်ကုန်၊ ပညာရေး ဝန်ကြီးဌာန။

သူရိယကန္တိ။ (၁၉၅၇)။ ***ဝတ္ထုရေးလိုသော်***။ ရန်ကုန်၊ သိဒ္ဓိပုံနှိပ်တိုက်။

သိန်းဖေမြင့်။ (၁၉၆၈)။ ***တိုက်ပွဲဝင်စာများ***။ ပထမအကြိမ်။ ရန်ကုန်၊ ပြည်တော်ကျက်သရေ ပုံနှိပ်တိုက်။

အောင်လင်း။ (၁၉၇၂)။ ***မဟာစာနိဒါန်း***။ ရန်ကုန်၊ စာပေပေါင်းကူးစာစဉ်။

အောင်သင်း။ (၁၉၇၈)။ ***စာပေရေးရာဆောင်းပါးများ***။ ရန်ကုန်၊ ဝမ်းမျိုးပုံနှိပ်တိုက်။